ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာ ရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိ အမည်ကို ထည့်သွင်း ရွတ်ဆိုဖို့ ဖြစ်ပါတယ်။ (လိုက်ဆို)

"ကျွန်ုပ် - ------------ သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အားလုံး ထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၅)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၇။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ၁၈-၅-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်

လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြား သွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ကျန်းမာရေး။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေးတို့ပဲ ဖြစ်ကြပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ(၂၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး ဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။**　　။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာ ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ရဲ့ မဲဆန္ဒနယ်မြေအသီးသီးမှာ မဲဆန္ဒရှင် ပြည်သူများနဲ့ တွေ့ဆုံပြီး လွှတ်တော် အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများရဲ့ လိုအပ်ချက်နဲ့ အခက်အခဲများကို သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ မဲဆန္ဒနယ်မြေ အသီးသီးရဲ့ အကျိုးဖြစ်ထွန်းစေမည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍအသီးသီးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာချမ်းသာစွာဖြင့် မဲဆန္ဒရှင်ပြည်သူများ အကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စစ်တွေမြို့နယ်၊ ဆတ်ရိုးကျကျေးရွာနှင့် ကျေးတောကျေးရွာအုပ်စုတို့မှ လယ်သမား(၂၃)ဦးတို့၏ လယ်မြေ(၁၄၂.၄၉၇)ကေ သိမ်းဆည်းမှုအား ကျေးရွာနှင့်မြို့နယ်အဆင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၄။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက စစ်တွေမြို့နယ်၊ ဆတ်ရိုးကျကျေးရွာနှင့် ကျေးတော

ကျေးရွာအုပ်စုတို့မှ လယ်သမား (၂၃)ဦးတို့၏ လယ်မြေ(၁၄၂.၄၉၇)ဧကေ သိမ်းဆည်းမှုအား ကျေးရွာနှင့်မြို့နယ်အဆင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလယ်ယာမြေဟာ ၁၉၉၃ ခုနှစ်မှာ န.ဝ.တ အစိုးရလက်ထက်က စက်မှုဇုန်လုပ်မယ်ဆိုပြီးတော့ သိမ်းဆည်းသွားတဲ့မြေဖြစ်ပါတယ်။ ဒါပေမဲ့ ဘာမှမလုပ်ဘဲနဲ့ အနှစ် (၂၀)လောက် ပစ်ထားခဲ့ပါတယ်။ ၂၉-၃-၂၀၁၆ ရက်နေ့ အစိုးရသက်တမ်းကုန်ခါနီး (၂)ရက်လောက်မှာ USDP အစိုးရ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စက်မှုရပ်ကွက်တည်ဆောက်မယ် ဆိုပြီးတော့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ နောက်တော့ NLD အစိုးရတက်လာပါတယ်။ အဲဒီမြေကွက်ကို အကွက်ရိုက်ပြီးတော့ ဂရန်အချို့ချပေးခဲ့ပါတယ်။ ဒါဟာ ဒီမြေကို သိမ်းပြီးနောက် (၂၃)နှစ်အကြာမှာ စက်မှုလူနေရပ်ကွက် စီမံကိန်းတစ်ခု စတင်ပြီး လုပ်ဆောင်တာဖြစ်ပါတယ်။ အမှန်ဆို ဒီလောက်ကြာရင် နိုင်ငံတော် မြေယာမူဝါဒအရ အကောင်အထည်မဖော်နိုင်တဲ့ မြေယာတွေကို မူလလယ်သမားများကို ပြန်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စကို လယ်သမားတွေက တိုင်ကြားပါတယ်။ တိုင်ကြားထားတဲ့ အဖွဲ့အစည်းတွေကလည်း အကုန်လုံး စုံသွားခဲ့ပြီဖြစ်ပါတယ်။ အများဆုံးကတော့ သမ္မတကြီး၊ နောက်ပြီးတော့ ဒုတိယသမ္မတ ဦးစီးတဲ့ မြေစစ်ဗဟိုအဖွဲ့နဲ့ လွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတို့ ဖြစ်ပါတယ်။ ဒီဗဟိုအဆင့်ဆင့်တွေကလည်း လမ်းညွှန်ပြီးတော့ အောက်ကို ချပေးပါတယ်။ ဒါပေမဲ့ ခရိုင်အဆင့်အထိသာ ရောက်ခဲ့ပြီးတော့ အပေါ်ကို ပြန်ပြီးတော့ တက်သွားခဲ့ပါတယ်။ မြို့နယ်နဲ့ ကျေးရွာမြေစာရင်းအဆင့်အထိ မရောက်ခဲ့ပါဘူး။ မြို့နယ်နှင့် ကျေးရွာမြေစစ်ရဲ့ စိစစ်မှုနဲ့ အစီရင်ခံစာဆိုတာလည်း မရှိပါဘူး။ ကျွန်တော်ကိုယ်တိုင်က ခရိုင်မြေစစ်အဖွဲ့မှာ အဖွဲ့ဝင်ဖြစ်နေလို့ ဒီဟာတွေကို အသေးစိတ် သိပါတယ်။ ဒါကြောင့် ခရိုင်၊ ပြည်နယ်၊ ဗဟိုအဆင့်(၃)ဆင့်နဲ့ပဲ လည်ပတ်နေတာဆိုရင် ၂၀၁၄ ခုနှစ်၊ တိုင်ကြားစာပို့ကတည်းက ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ တင်ပြခွင့်ပြုပါ။ ဒါကတော့ သမ္မတကြီးရဲ့ မြေယာမူဝါဒနဲ့ ပတ်သက်ပြီး လမ်းညွှန်ချက်ဖြစ်ပါတယ်။ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မတီအဆင့်ဆင့်ကို စူးစိုက်လေ့လာထိုက်တဲ့ အချက်ဖြစ်ပါတယ်။ ဒါကတော့ ဒုတိယသမ္မတ ဦးစီးတဲ့ အစည်းအဝေးမှာ တိုင်ကြားသူများကို ခေါ်ယူရှင်းလင်းပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဓာတ်ပုံမှတ်တမ်းအထောက်အထားများဖြင့် ပြုစုတင်ပြပါကြောင်း တိကျစွာဖော်ပြ၍ အမှုပိတ်သိမ်းရေး တင်ပြဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း လမ်းညွှန်ထားတာဖြစ်ပါတယ်။ ဒါကတော့ ယခုထိ အဲဒီ လယ်ယာမြေ ဒီအတိုင်းရှိနေတာဖြစ်ပါတယ်။ ဒါကလည်း အဲဒီ လယ်ယာမြေပါပဲ။ ဒါကတော့ ဒုတိယဝန်ကြီး ဦးလှကျော် နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ တို့ အထူးအဖွဲ့(၄)က စစ်တွေမှာ လာရောက်စစ်ဆေးစဉ် တင်ပြခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် ဒီမြေကို ကိုင်တွယ်ဆောင်ရွက်တဲ့ကိစ္စမှာ နိုင်ငံတော်ရဲ့ မူဝါဒ၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတတို့ရဲ့ လမ်းညွှန်ချက်တွေနဲ့ လွဲချော်နေကြောင်း တွေ့ရှိပါတယ်။ လယ်သမားတွေကလည်း မြေပြင်ကိုသာ ကွင်းဆင်းစိစစ်ရင် ထိုက်သင့်တဲ့ လျော်ကြေးငွေကို ရမှာမို့ သူတို့ မျှော်လင့်ချက်ထားပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက အလီလီပြောင်းသွားပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးတွေကလည်း အဆင့်ဆင့်ပြောင်းသွားပါတယ်။ ဒါပေမဲ့ တစ်ခါမှ ကွင်းဆင်းစစ်ဆေးတာ မရှိတာကလည်း အကြောင်းရှိပါတယ်။ ဒီကိစ္စမှာ အစိုးရပိုင်း၊ လွှတ်တော်ပိုင်းနဲ့ သူဌေးကြီးတွေ ပါဝင်နေလို့ဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ်နဲ့ ကျေးရွာအဆင့်က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီတွေက ကွင်းဆင်းစစ်မလား။ မစစ်ဘူးလားဆိုတာ ပြတ်ပြတ်သားသားသိချင်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

၁၉၉၃ ခုနှစ်က သိမ်းဆည်းခဲ့သည့် လယ်မြေ မြင်ကွင်းပုံ (က)



**(N)မမြဲဦးပိုင်ထွက်ရှိထားသည့် လယ်ယာမြေများကို အမြဲဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက “၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ” အရ လျှောက်ထားစေခြင်းများမှာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း ရှိ/မရှိ နှင့် တည်ဆဲဥပဒေဖြစ်သည့် မြန်မာနိုင်ငံ မြေစာရင်းလက်စွဲ ဥပဒေပုဒ်မ ၅၈၂ ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ (N)မမြဲဦးပိုင်မှ အမြဲဦးပိုင်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်

မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ (N)မမြဲဦးပိုင်ထွက်ရှိထားသည့် လယ်ယာမြေများကို အမြဲဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်း များက ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လျှောက်ထား စေခြင်းဟာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း ရှိ/မရှိ နှင့် တည်ဆဲဥပဒေဖြစ်သည့် မြန်မာနိုင်ငံမြေစာရင်းလက်စွဲ ဥပဒေပုဒ်မ ၅၈၂ ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ (N)မမြဲ ဦးပိုင်မှ အမြဲဦးပိုင်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်ပိုင်းများမှာ (N) မမြဲဦးပိုင်ဖြင့် သိမ်းဆည်းစွန့်လွှတ်မြေများနှင့် သိမ်းဆည်းစွန့်လွှတ်မြေများ မဟုတ်သော်လည်း ပုံမှန်အနေအထားဖြင့် ရှေးယခင်ကာလများကပင် (N)မမြဲဦးပိုင်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသည့် လယ်ယာမြေများကို အမြဲဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိရေးအတွက် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများမှ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လျှောက်ထားစေတဲ့အတွက် သက်ဆိုင်ရာ ဒေသခံ ပြည်သူတွေက လုံးဝ မကျေမနပ်ဖြစ်နေရကြောင်း သိနေရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မမြဲဦးပိုင်ဆိုတာဟာ တောင်သူတစ်ဦးဦးက နှစ်တိုနှစ်ရှည်စသည့် သီးနှံများကို စိုက်ပျိုးလုပ်ကိုင်တဲ့အခါမှာ မြေစာရင်းဌာန အနေဖြင့် အဆိုပါ တောင်သူ၏ စိုက်ပျိုးမှုဟာ စတင်စိုက်ပျိုးစကာလဖြစ်ပြီး နောင်နှစ်များတွင် အစဉ်အမြဲလုပ်ကိုင်သွားမည်၊ မလုပ်ကိုင်ဘဲနေမည်ဆိုသည်ကို မဆုံးဖြတ်နိုင်သေးပါသဖြင့် အခွန် စည်းကြပ်နိုင်ရေးအတွက်ကိုသာ ရည်ရွယ်၍ မမြဲဦးပိုင်ဖြင့် မြေခွန်ပြေစာထုတ်ပေးထားခြင်းဖြစ် ပါတယ်။ အဆိုပါတောင်သူက နောင်နှစ်များမှာ ဆက်လက်ပြီးတော့ စွဲမြဲစွာ စိုက်ပျိုးလုပ်ကိုင်သဖြင့် သီးနှံများအောင်မြင်ဖြစ်ထွန်းကာ စိုက်ပျိုးမှုခိုင်မြဲသည့် အခြေအနေနှင့် စိုက်ပျိုးမြေနယ်နိမိတ်များ လည်း တိကျစွာပေါ်လွင်နေပြီဆိုပါက (၅)နှစ်ပြည့်ကာလတွင် အမြဲဦးပိုင်သို့ ပြောင်းပေးရမည်ဖြစ်ပြီး အကယ်၍ (၅)နှစ်မပြည့်သေးသော်လည်း အထက်ပါကဲ့သို့ စိုက်ပျိုးလုပ်ကိုင်မှု ခိုင်မာနေခြင်းနှင့် စိုက်ပျိုးမြေနယ်နိမိတ်များ တိကျစွာ ပေါ်လွင်နေပြီဆိုပါက အမြဲဦးပိုင်သို့ ပြောင်းပေးနိုင်ကြောင်းကို တည်ဆဲဥပဒေဖြစ်သည့် မြန်မာနိုင်ငံမြေစာရင်း လက်စွဲဥပဒေပုဒ်မ ၅၈၂ မှာ အတိအကျ ပြဋ္ဌာန်း ထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လုပ်ပိုင်ခွင့်လျှောက်ထားမည်ဆိုပါက ပုံစံ(၁) ရရှိရေးမှအစ မြေတိုင်းစာရေးခေါ်ယူရခြင်း အခက်အခဲ၊ အရာရှိလက်မှတ်ရရှိရေး အခက်အခဲ၊

လျှောက်ထားရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ဌာန၏ များပြားလွန်းလှသည့် စိစစ်ချက်များ၊ လုပ်ထုံးလုပ်နည်းများမှာ ရှည်လျားထွေပြားကာ အချိန်ကုန်၊ ငွေကုန် လူပန်းပြီး ခက်ခဲကြန့်ကြာမှုများရှိနေခြင်း၊ လျှောက်ထားရာတွင် ကန့်ကွက်လွှာခေါ်ယူခြင်းနှင့် အပြိုင်လျှောက်ထားမှုများကိုလည်း ဌာနက လက်ခံပေးရသည့်အတွက် ငွေကြေးသုံးစွဲနိုင်သူများကသာ လုပ်ပိုင်ခွင့်များ ရရှိသွားသည့် သာဓကများကြောင့် မမြေဦးပိုင် ရရှိထားသူများဟာ မိမိ၏ မူလလက်ငုတ် စိုက်ပျိုးမြေ မှန်ပါသော်လည်း စိတ်မချနိုင် ဖြစ်နေကြရခြင်းများ၊ မြေခွန်ပြေစာအရ မမြေဦးပိုင်ဖြစ်နေသော်လည်း ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်နှင့် မြေကေအကျယ်အဝန်းများပါ တိတိကျကျရှိထားပြီး မြေပြင်မှာလည်း စိုက်ပျိုးလုပ်ကိုင်မှု ခိုင်မာလျက်ရှိနေခြင်း၊ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ မဟုတ်တော့ဘဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လယ်ယာမြေများသာ ဖြစ်နေတော့သဖြင့် မမြေဦးပိုင်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအဖြစ် လျှောက်ထားနေရခြင်းဟာ သဘာဝမကျတော့သည့်အတွက် ဒေသခံများက မကျေမနပ်ဖြစ်နေကြခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရသာ လျှောက်ထားလိုကြောင်းများကို သိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မမြေဦးပိုင်မှ အမြေဦးပိုင်အဖြစ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေးအတွက် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း ပြဋ္ဌာန်းထားသည်ကို မတွေ့ရှိရဘဲ မြန်မာနိုင်ငံ မြေစာရင်းလက်စွဲ ဥပဒေပုဒ်မ ၅၈၂ တွင်သာ တိကျစွာ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (က) မမြေဦးပိုင်မှ အမြေဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေးအတွက် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လျှောက်ထားစေခြင်းဟာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညီညွတ်ခြင်း ရှိ/မရှိနှင့် ညီညွတ်သည်ဆိုပါက မည်သည့် ဥပဒေပုဒ်မနှင့် နည်းဥပဒေလုပ်ထုံးလုပ်နည်းများအရ ဖြစ်ကြောင်း တိကျစွာ ရှင်းလင်းပေးပါရန်နှင့် (ခ)တည်ဆဲဥပဒေဖြစ်သည့် ---------

**ဥက္ကဋ္ဌ**။ ။ အချိန်ကုန်သွားပြီ။ ပိတ်ပါ။

**မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၇၁) နန္ဒာဘာကွင်း၊ ဦးပိုင်အမှတ် (၈၀/၃)၊ ဧရိယာ(၀.၇၃)ဧကရှိ ယာမြေအား အခြားနည်း အသုံးပြုခွင့် လျှောက်ထားရာတွင် လုပ်ငန်း စာတွဲအမှတ်၊ ၁၆/လယ(၃၀)/၂၀၁၆-၂၀၁၇/မကွေး/ပွင့်ဖြူ အမှုတွဲ သည် လိုအပ်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် အမြန်ဆုံး ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ နှင့် ၉-၈-၂၀၁၆ ရက်နေ့က လုပ်ငန်းစာတွဲ စတင်ဆောင်ရွက်ခဲ့ရာ မည်သည့်အတွက်(၃)နှစ်ကျော် ကြာမြင့် နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၄။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မင်းဘူး၊ စကုမြို့နယ်၊ ပွင့်ဖြူမြို့နယ်တို့ပါဝင်တဲ့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ဖြစ်ပါ တယ်။ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉ ခုနှစ်၊ မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နှင့် ထုတ်ဝေတဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာ လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရမည့် နည်းလမ်းအဆင့်ဆင့် (Standard Operating Procedure – SOP) ပေါင်းချုပ်စာအုပ်ရဲ့ စာမျက်နှာ (၂၈၇)မှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၀(က)(ခ)အရ အခြားနည်းအသုံးပြုရန်အတွက် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက် ရမယ့် လုပ်ငန်းစဉ်များဆိုတာ ပါရှိပါတယ်။ အခြားနည်းအသုံးပြုရန် လျှောက်ထားမှုနှင့် စပ်လျဉ်းလို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ရဲ့ အပိုဒ် ၂ စိစစ်ခြင်း၊ အပိုဒ်ခွဲ(က)အရ မြို့နယ်လယ်ယာမြေစိစစ်ရေး၊ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက လယ်ယာမြေနည်းဥပဒေ ၈၃၊ ၈၄၊ ၈၅ နှင့်အညီ အောက်ပါ အချက်အလက်များ ပါဝင်မှု ရှိ/မရှိ စိစစ်ပြီး လုပ်ငန်းစာတွဲဖွင့်လှစ်၍ မြို့နယ်လယ်ယာမြေ စီမံ ခန့်ခွဲမှုအဖွဲ့အတိုင်း တင်ပြရမည်ဆိုပြီး အပိုဒ်ခွဲငယ်များနှင့် အချက်အလက်ပေါင်း(၂၄)ခု သတ်မှတ် ထားတာကို တွေ့ရ ပါတယ်။

အပိုဒ်ခွဲငယ် (၈) က လျှောက်ထားသည့်လုပ်ငန်း အမျိုးအစားအလိုက် လုပ်ငန်းစီမံချက်၊ အပိုဒ်ခွဲငယ် (၁၅) က အဆောက်အအုံ ဆောက်လုပ်ပြီးပါက ဆောက်လုပ်သည့် ခုနှစ်၊ အဆောက်အအုံ

အမျိုးအစားတို့ ပါရှိပါတယ်။ အပိုဒ်ခွဲ(ခ)အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေနည်းဥပဒေ ၈၆ နှင့်အညီ အချက်(၇)ချက် ပါဝင်မှု ရှိ/မရှိ စိစစ်ပြီး လုပ်ငန်းစာတွဲကို ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမယ်။ အပိုဒ်ခွဲ(ဂ)အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထပ်မံစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ဆက်လက် တင်ပြရမယ်လို့ ပါရှိပါတယ်။ အပိုဒ်ခွဲ(ဃ)အရ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေနည်းဥပဒေ ၈၇ နှင့်အညီ အပိုဒ်ခွဲငယ်ပေါင်း (၁၁)ချက်နှင့် ဖော်ပြထားတဲ့ အမျိုးအစားတွေကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကို ဆက်လက်တင်ပြရမယ်လို့ပါရှိသလို အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၅)မှာ စက်သုံးဆီအရောင်းဆိုင်နှင့် ဆီသိုလှောင်ရုံ အဆောက်အအုံမြေဆိုတာလည်း ပါရှိပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ အခြားနည်းအသုံးပြုရန် လျှောက်ထားမှုနှင့်စပ်လျဉ်းလို့ အထက်ကအတိုင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အမှုတွဲ ရောက်ရှိလာရင် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ရဲ့ အပိုဒ် ၃ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ အပိုဒ်ခွဲ(က) အခြားနည်းအသုံးပြုရန် လျှောက်ထားမြေသည် (၁) လယ်မြေဖြစ်ပါက ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ခွင့်ပြုမိန့်ပုံစံ(၁၅) ပူးတွဲထုတ်ပေးပါမည်။ (၂) လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုမိန့်ပုံစံ ၁၅(က) ပူးတွဲ(၅) ထုတ်ပေးပါမည်လို့ ဌာနဆိုင်ရာလုပ်ငန်းများစနစ်တကျ ဆောင်ရွက်ရမည့် နည်းလမ်းအဆင့်ဆင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတ်မှတ်ပေးထားပေမယ့် စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရန် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားသူကို မကွေးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော် မှ မကွေးတိုင်းဒေသကြီး ရေနံနှင့် ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး အရာရှိအားခွင့်ပြုချက်ရယူခြင်းမရှိဘဲ စက်သုံးဆီ ရောင်းချနေခြင်းကို ကြည့်ရှုစစ်ဆေး ပြန်တင်ပြခိုင်းလို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တိုက်ရိုက်တင်ပြခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေနှင့်အညီ အမှုဖွင့်ရန် အကြောင်းကြားပြောဆိုပြီး တိုင်းဒေသကြီးရောင်းဝယ်ရေးအရာရှိက ပွင့်ဖြူမြို့နယ်တရားရုံးမှာ ရာဇဝတ်မှုနှင့် တရားစွဲတာကို ခံရပါတယ်။

တရားလိုပြ သက်သေများက ခွင့်ပြုချက်မရှိဘဲ စက်သုံးဆီရောင်းချခြင်းကို ထွက်ဆိုထားခြင်းမရှိကြောင်းနှင့် ဆီလှောင်ကန်၌ ဆီနံ့ပင်မရကြောင်း ထွက်ဆိုထားကြတဲ့အတွက် ၄-၃-၂၀၁၉ ရက်နေ့က စွဲချက်မတင်ဘဲ လွှတ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ လျှောက်ထားသူက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အသနားခံစာ(၅)ကြိမ် ပေးပို့ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်အသီးသီးကိုလည်း မိတ္တူပို့ခဲ့ပါတယ်။ (၆)ကြိမ်မြောက်ပေးပို့တဲ့စာနှင့် ပွင့်ဖြူမြို့နယ် တရားရုံး ရာဇဝတ်ကြီးမှုအမှတ်(၄၅၅)မှာ ၄-၃-၂၀၁၉ ရက်နေ့က ချမှတ်ထားတဲ့ မိတ္တူကို မေးခွန်းနှင့်အတူ ကျွန်တော် ပူးတွဲတင်ပြထားပါတယ်။ ဒါကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ဥယျာဉ်ကျစ်

ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၇၁) နန္ဒာဘာကွင်း ဦးပိုင်အမှတ် (၈၃)ဧရိယာ (၀.၇၃)ဧကရှိ လယ်ယာမြေအား အခြားနည်းအသုံးပြုခွင့် လျှောက်ထားရာတွင် လုပ်ငန်းစာတွဲအမှတ် ၁၆/လရ-၃၀/၂၀၁၆-၂၀၁၇ မကွေး၊ ပွင့်ဖြူ အမှုတွဲသည် လိုအပ်ချက် တစ်စုံတစ်ရာမရှိတဲ့အတွက် အမြန်ဆုံး ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိနှင့် ၉-၈-၂၀၁၆ ရက်နေ့က လုပ်ငန်းစာတွဲ စတင်ဆောင်ရွက်ခဲ့ရာမှာ မည်သည့်အတွက် (၃)နှစ်ကျော်ကြာမြင့်နေတာကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၉။**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ မေးခွန်းအပေါ် ဦးစွာ ဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနှင့် ၁၉၉၃ ခုနှစ်က စစ်တွေမြို့နယ်၊ ဆတ်ရိုးကျကျေးရွာနှင့် ကျေးတောကျေးရွာအုပ်စုတို့မှ လယ်သမား(၂၃)ဦးတို့ရဲ့ လယ်မြေ (၁၄၂.၄၉၇)ဧက သိမ်းဆည်းမှုအပေါ်မှာ လက်ရှိအနေအထားအရ ကျေးရွာနှင့် မြို့နယ်အဆင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ တောင်သူလယ်သမားတွေ နစ်နာမှုမရှိစေဖို့အတွက် ကွင်းဆင်း စစ်ဆေးပေးနိုင်ဖို့ တင်ပြထားတဲ့ မေးခွန်းအပေါ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါတဲ့ လယ်မြေ(၁၄၂.၄၉၇)ဧကဟာ ၁၉၉၄-၁၉၉၅ ခုနှစ်က စစ်တွေမြို့မှာ စက်မှုရပ်ကွက်တည်ထောင်ရန် ဆိုတဲ့ အစီအမံနဲ့ ပြည်နယ်ကနေ သိမ်းယူခဲ့ပြီးတော့ ၂၀၁၁ ခုနှစ်မှာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ အရ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုခဲ့သည့် လယ်ယာမြေ(၃၀၃.၆၉၇)ဧကအတွင်းမှာပါတဲ့ လယ်မြေများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

၂၀၀၆ ခုနှစ်မှာ အဆိုပါ စက်မှုဇုန်ရပ်ကွက်အဖြစ် အသုံးပြုရန်အတွက် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ရရှိပြီးဖြစ်တဲ့ မြေဧရိယာ (၃၀၃.၆၉၇)ဧကကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၄-၃-၂၀၁၆ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ဧက(၂၆၀.၂၆၉)ကို စက်မှုဇုန်ရပ်ကွက်အဖြစ်

အသုံးပြုဖို့နဲ့ ကျန်တဲ့(၄၃.၄၂၈)ကေကို စက်မှုနှင့် လူနေရပ်ကွက်အဖြစ် အသုံးပြုရန်အတွက် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ကို ဧရိယာခွဲခြားသတ်မှတ် ထုတ်ပေးခဲ့တာ တွေ့ရှိရပါတယ်။ ထိုဒေသမှာနေတဲ့ ဦးထွန်းလှ ပါ တောင်သူ (၂၃)ဦးအနေနဲ့ ၎င်းတို့သိမ်းဆည်းခံလယ်မြေ (၁၄၂.၄၉၇) ကေအတွက် နစ်နာကြေး၊ လျော်ကြေးရလိုမှုအတွက် ယခုအစိုးရလက်ထက်ကာလမှာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီကို တင်ပြတိုင်ကြားခဲ့တဲ့အတွက် ယင်း တိုင်ကြားစာကို မူလအမှတ်စဉ် (၈၇)ဖြင့် အမှုတွဲ ဖွင့်လှစ်စိစစ်ခဲ့ကြောင်းလည်း သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်နှင့် စပ်လျဉ်းပြီး ဖြစ်စဉ်ကို လေ့လာ သုံးသပ်ချက်အရ စက်မှုဇုန်ရပ်ကွက် အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် လယ်မြေ (၁၄၂.၄၉၇)ကေကို သိမ်းဆည်းစဉ်ကာလက သိမ်းဆည်းခံ တောင်သူတွေအတွက် တစ်စုံတစ်ရာ သော နစ်နာကြေး၊ လျော်ကြေးပေးချေမှု မရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ ကိစ္စရပ် အပေါ်မှာ ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအနေဖြင့် ကော်မတီအဆင့်ဆင့်မှ တင်ပြလာတဲ့ စိစစ်ချက်များအရ ၂၃-၇-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၈)ကနေ စစ်တွေမြို့၊ ဆတ်ရိုးကျ စက်မှု ရပ်ကွက်အတွင်းက ဦးထွန်းလှ ပါ (၂၃)ဦး တိုင်ကြားသည့် မြေဧရိယာ (၁၄၂.၄၉၇)ကေကို ပြည်နယ် အစိုးရအဖွဲ့မှ (၁)ကေလျှင် ကျပ်သိန်း (၃၀)နှုန်းနှင့် လျော်ကြေးပေးဖို့ ဆုံးဖြတ်တယ်လို့ သိရပါတယ်။ အဆိုပါ ဆုံးဖြတ်ချက်အရလည်း ကာယကံရှင်များနှင့် ဆက်သွယ်ဆောင်ရွက်မှု ရှိကြောင်းလည်းပဲ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်မှာပါတဲ့ စက်မှု ရပ်ကွက်ဖော်ဆောင်ရာမှာ ပါဝင်သွားတဲ့ သိမ်းဆည်းခံလယ်မြေများနှင့် စပ်လျဉ်းပြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီက ချမှတ်ထားတဲ့ မူဝါဒ လုပ်ငန်းစဉ်များနှင့်အညီ စီမံကိန်းအကောင်အထည်ဖော်မှု၊ နစ်နာကြေး၊ လျော်ကြေးအတွက် စိစစ်မှု များကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်က သိမ်းဆည်းထားတဲ့ လယ်ယာမြေနှင့် အခြားမြေများကို မူလပိုင်ရှင်တွေက ပြန်လည်လျှောက်ထားတဲ့ကိစ္စနှင့် စပ်လျဉ်းတဲ့ မူဝါဒ(၁၀)ရပ်မှာ မြို့ပြတိုးချဲ့ခြင်းနှင့် စက်မှုဇုန်ကဲ့သို့သော မြေသိမ်းမှုပြဿနာတွေကို တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တို့က ဦးဆောင်ပြီး လုပ်ကိုင်ခွင့်ရ ကုမ္ပဏီတွေနဲ့ တောင်သူလယ်သမားများ သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးပြီး ကုမ္ပဏီ၊ တောင်သူများ၊ နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရေးအတွက် ဖြေရှင်း ဆောင်ရွက်ပေးမည်ဆိုတဲ့ မူဝါဒလည်း ချမှတ်ထားတာရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအနေနှင့် အဆိုပါကိစ္စနှင့် စပ်လျဉ်းပြီး ကွင်းဆင်း စစ်ဆေးပေးနိုင်ဖို့အတွက် တိုက်တွန်းမေးမြန်းထားတာ ရှိတာကို သိရတဲ့အလျောက် စစ်တွေမြို့နယ်

ဆတ်ရိုးကျကျေးရွာနှင့် ကျေးတောကျေးရွာအုပ်စုတို့မှာ စက်မှုဇုန်ရပ်ကွက်နှင့်၊ စက်မှုနှင့် လူနေ ရပ်ကွက်များ ဖော်ထုတ်မှုများနှင့် စပ်လျဉ်းပြီး မြေပြင်မှာ ပကတိအခြေအနေကို စိစစ်သုံးသပ်နိုင်ရေး အတွက်နှင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက ချမှတ်ထားတဲ့ မူဝါဒလုပ်ငန်းစဉ်တွေနှင့်အညီ စီမံဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးပေး နိုင်ရေးကို သက်ဆိုင်ရာ ပြည်နယ်အစိုးရရဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း ရဲ့ မေးခွန်းကို ဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနှင့် မြေယာစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းပြီး မမြဲဦးပိုင်ထွက်ရှိထားသည့် လယ်ယာမြေတွေကို အမြဲဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရဖို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လျှောက်ထားစေခြင်းများမှာ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း ရှိ/မရှိ နှင့် တည်ဆဲဥပဒေဖြစ်သည့် မြန်မာနိုင်ငံ မြေစာရင်း လက်စွဲ ဥပဒေပုဒ်မ ၅၈၂ ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ မမြဲဦးပိုင်ကနေ အမြဲဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၅၂၃ အရ ဦးပိုင်ဆိုတဲ့ အဓိပ္ပာယ် ပြဋ္ဌာန်းချက်ကို ဦးစွာရှင်းလင်း တင်ပြလိုပါတယ်။ ကွင်းတစ်ကွင်းအတွင်း ပိုင်ဆိုင်ခွင့်၊ လုပ်ကိုင်ခွင့် နှင့် မြေမျိုးတစ်မျိုးတည်းဖြစ်ပြီး တစ်ဦးတည်း သို့မဟုတ် အများအစုအစပ် လုပ်ကိုင်တဲ့ နယ်နိမိတ် တစ်စပ်တည်းမှာရှိတဲ့ မြေကွက်တွေကို စုပေါင်းထားသည့် မြေကို ဦးပိုင်တစ်ပိုင်ဟု ခေါ်ဆိုကြောင်း ပြဋ္ဌာန်းထားပါတယ်။

မြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၅၂၅ အရ နယ်နိမိတ်ခိုင်လုံ ဆုံးဖြတ်ပြီးတဲ့ ဦးပိုင်များကို အမြဲဦးပိုင်လို့ ခေါ်ပါတယ်။ နှစ်စဉ် ခွဲဝေပေးဖို့ လိုအပ်တဲ့ ဦးပိုင်တွေကို နယ်နိမိတ်အားလုံးကို ဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ တည်မြဲတယ်လို့ မဆုံးဖြတ်ရသေးတဲ့ ဦးပိုင်တွေကို မမြဲသေးသော ဦးပိုင်ဟု ခေါ်ဆိုသတ်မှတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အမြဲဦးပိုင် တစ်ပိုင်သတ်မှတ်နိုင်ဖို့ အတွက် ဆိုရင် ကွင်းဖွဲ့တိုင်းတာခြင်း၊ ကြေးတိုင်စိုက်ခြင်းနှင့် ဦးပိုင် ပိုင်ဆိုင်မှု စစ်တမ်းကောက်ယူခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၅၈၂ အရ စိုက်ပျိုးလုပ်ကိုင်မှု အခြေအနေ တည်မြဲသည်/မတည်မြဲသည်ကို ဆုံးဖြတ်ရာမှာ လက်တွေ့ပြဿနာဖြစ်ခြင်းကြောင့်

အသေးစိတ် ပြဋ္ဌာန်းချက်များ မထုတ်ပြန်နိုင်ချေဟု ဖော်ပြထားမှုရှိပါတယ်။ မြေကွက်တစ်ကွက်ကို အကြမ်းအားဖြင့် ဧရိယာတူညီစွာ (၅)နှစ် ဆက်တိုက် ဆက်လက်လုပ်ကိုင်လို့ရှိရင် အမြဲပင် လုပ်ကိုင်မည်လို့ ရည်ရွယ်ကြောင်း လုံလောက်သော လက္ခဏာဖြစ်သည်လို့ ဖော်ပြထားပါတယ်။ သို့ဖြစ်တဲ့အတွက် မြေတည်မြဲမှု အခြေအနေအပြင် စိုက်ပျိုးတဲ့ သီးနှံအမျိုးအစား တည်ငြိမ်ရန်လည်း လိုအပ်ပါတယ်။

သာဓကအားဖြင့် တင်ပြရမည်ဆိုလျှင် ၁၉၆၃-၁၉၆၄ ခုနှစ်တို့မှာ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကပိုင်ကျွန်းမြေ၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်နှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ကြားမှာရှိတဲ့ ယုန်လွှတ် ကျွန်းမြေတွေကို စီမံခန့်ခွဲရေးမှုများအရ နောက်ထပ်အမိန့် တစ်စုံတစ်ရာမရှိပါက ကျွန်းမြေများနှင့်ပတ်သက်ပြီး မြေရင့်၊ မြေနုခွဲခြားခြင်းကို ဆိုင်းငံ့ထားခဲ့ပါတယ်။ ယနေ့အချိန်အထိ ဖြစ်ပါတယ်။ မြေနုကျွန်းမြေများ ခွဲဝေစဉ်က မမြဲဦးပိုင်များနှင့် စပ်လျဉ်းပြီး မြေနုမှ မြေရင့်သို့ ပြောင်းလဲ ခွဲခြားခြင်းကို ဆိုင်းငံ့ထားတာ ရှိပါတယ်။

သို့ဖြစ်တဲ့အတွက် မမြဲဦးပိုင်မှ အမြဲဦးပိုင်ကို ပြောင်းလဲသတ်မှတ်ဖို့အတွက် မြေစာရင်းလက်စွဲပါ ဥပဒေပြဋ္ဌာန်းချက်တွေအပြင် တည်ဆဲဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်လည်း ဆက်စပ်ပြီး များစွာ စဉ်းစားဆုံးဖြတ်ရတဲ့ အခြေအနေဖြစ်ပါတယ်။ ယခုကဲ့သို့ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ဦးစွာ ရှင်းလင်းတင်ပြရခြင်းဟာ မြေယာနှင့်ပတ်သက်ပြီး စီမံခန့်ခွဲမှုမှာ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေအပေါ် အခိုကတည်မှီ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရည်ရွယ်တင်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃(ခ) အရ လယ်ယာမြေဆိုတဲ့ စကားရပ်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ပါဝင်ခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၂ ခုနှစ်၊ ပြဋ္ဌာန်းလိုက်တဲ့ လယ်ယာမြေဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေဟာ လယ်ယာမြေဆိုတဲ့ စကားရပ်မှာ အကျုံးဝင်ခြင်းမရှိတော့တဲ့ အနေအထားဖြစ်ပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှုအတွက် အရေးပါတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဟာ ကွင်းဖွဲ့တိုင်းတာခြင်းလုပ်ငန်း ဖြစ်ပါတယ်။ ကွင်းဖွဲ့တိုင်းတာခြင်း လုပ်ငန်းကြီးဟာ အချိန်၊ လူအင်အား၊ ငွေကြေးအင်အား များစွာအသုံးချဆောင်ရွက်ရတဲ့ လုပ်ငန်းကြီးဖြစ်တဲ့အလျောက် ကွင်းဖွဲ့တိုင်းတာခြင်းမရှိသေးတဲ့ ဒေသတွေကို ရန်ပုံငွေရရှိမှုနှင့်အညီ မြေတိုင်းတာခြင်း၊ ဦးပိုင် ပိုင်ဆိုင်မှုစာရင်းများကောက်ယူခြင်း၊ မြေကွက်အလိုက် မြေဧရိယာစာရင်း ထူထောင်ခြင်း စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော်လည်းပဲ ရန်ပုံငွေရရှိမှု၊ ဝန်ထမ်းအင်အားစုဖွဲ့ ဖြည့်ဆည်းဆောင်ရွက်ရတဲ့ မြေတိုင်းတာရေးဆိုင်ရာ ပစ္စည်းကိရိယာတွေအပေါ် မူတည်ပြီး ကွင်းဖွဲ့တိုင်းတာခြင်းမရှိနိုင်သေးတဲ့ စိုက်ပျိုးမြေတည်မြဲတဲ့ ဧရိယာများ ကျန်ရှိနေမှုများလည်း ရှိနေသေးကြောင်း တင်ပြအပ်ပါတယ်။

တစ်ဖက်မှာလည်း နိုင်ငံတော်ရဲ့ အခွန်အခရဖို့ မြေခွန်စည်းကြပ်ရာမှာ တိုးချဲ့သီးနှံစိုက်ပျိုးထားတဲ့ စိုက်ပျိုးမြေဧရိယာတွေကို ကွင်းဆင်းစာရင်း မှတ်တမ်းစာအုပ် (Field Book)စနစ်ဖြင့် တိုင်းတာပြီးရရှိတဲ့ လုပ်ကွက်တွေကို မမြဲဦးပိုင်များဖြင့် မှတ်သားဆောင်ရွက်ရပါတယ်။ လမုတောပင်များ စိုက်ပျိုးထားတဲ့ မြေများနှင့် လတာပြင်များမှာ တိုးချဲ့စိုက်ပျိုးလို့ရှိရင်လည်း မမြဲဦးပိုင်များဖြင့် မှတ်သားဆောင်ရွက်ပြီး ကျူးလွန်မြေခွန်များ စည်းကြပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၅၈၂ ပါ ပြဋ္ဌာန်းချက်ဟာ မြေမျိုး ပြောင်းလဲသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိဘဲ အဆိုပါပြဋ္ဌာန်းချက်အရ စိုက်ပျိုးမှုအခြေအနေ တည်မြဲသည်/မမြဲသည်ကို ဆုံးဖြတ်ရာမှာလည်း လက်တွေ့ဖြေရှင်းတဲ့အခါမှာ ပြဿနာတွေလည်းရှိကြောင်း အတိအလင်းဖော်ပြထားပါတယ်။ အခြေအနေများ သိမ်မွေ့စွာ ဆောင်ရွက်ရတဲ့ အနေအထားလည်းဖြစ်ပါတယ်။ ဒါကြောင့် ကွင်းဖွဲ့တိုင်းတာနိုင်ခြင်း မရှိသေးတဲ့ ဦးပိုင်ပိုင်ဆိုင်မှု စာရင်းကောက်ယူနိုင်ခြင်း မရှိသေးတဲ့ ဒေသတွေမှာရှိတဲ့ မမြဲဦးပိုင်များကို အမြဲဦးပိုင်သို့ ပြောင်းလဲရန်မှာ မဖြစ်နိုင်သေးတဲ့အတွက် အဆိုပါ အခြေအနေမှာဆိုရင် မြေမျိုးကြီးအနေနှင့် မြေလွတ်၊ မြေရိုင်း စာရင်းများအဖြစ်သာ မှတ်သားတည်ရှိနေတာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ပထမဦးစွာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် အညီလုပ်ပိုင်ခွင့်ရရှိရေး လျှောက်ထားစေမှုရှိပါတယ်။ စိုက်ပျိုးမှုတည်ငြိမ်လာတဲ့အခါမှသာ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိစေရေး  ဆက်လက်လျှောက်ထားစေခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့မှသာ ဥပဒေနှင့် ညီညွတ်စွာ စီမံဆောင်ရွက်သွားနိုင်မည့် အခြေအနေဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၇၁) နန္ဒဘာကွင်း၊ ဦးပိုင်အမှတ် (၈၀/၃)၊ ဧရိယာ (၁.၇၃)ဧကရှိ ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားရာတွင် လုပ်ငန်းစာတွဲ ပွင့်ဖြူအမှုတွဲဟာ လိုအပ်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် အမြန်ဆုံး ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိနှင့် ၉-၈-၂၀၁၆ ရက်နေ့က လုပ်ငန်းစာတွဲ စတင်ဆောင်ရွက်ခဲ့ရာ မည်သည့်အတွက်(၃)နှစ်ကျော်ကြာမြင့်နေတာကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ဆက်လက်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၇၁) နန္ဒဘာကွင်း၊ ဦးပိုင်အမှတ် (၈၀/၃)၊

ယာမြေရေိယာ (၀.၇၃)ကေကို စက်သုံးဆီအရောင်းဆိုင် မြေနေရာ လျှောက်ထားဖို့အတွက် ကျောင်းကုန်းကြီးကျေးရွာနေ ဦးဝင်းငွေ က လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ကို ၈-၈-၂၀၁၆ ရက်နေ့မှာ ပွင့်ဖြူမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ လျှောက်ထားခဲ့ ပါတယ်။ အဆိုပါ ယာမြေဟာ ဒေါ်တင်ကွန့် အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၇)ရရှိ ထားတဲ့မြေဖြစ်ပါတယ်။ ၈-၄-၂၀၁၆ ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဦးဝင်းငွေ သို့ ဒေါ်တင်ကွန့် မှ အပြီးပိုင်စွန့်လွှတ်ပေးကမ်းကြောင်း စာချုပ် ချုပ်ဆို လွှဲပြောင်း/လက်ခံရရှိထားတဲ့ အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဝင်းငွေ ရဲ့ အခြားနည်းအသုံးပြုခွင့်လျှောက်ထားမှုနှင့် စပ်လျဉ်းပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ လုပ်ထုံးလုပ်နည်း ညွှန်ကြား ချက်များနှင့်အညီ စိစစ်ပြီး ၂၁-၉-၂၀၁၆ ရက်နေ့မှာ ပွင့်ဖြူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခဲ့တယ်လို့ ဖြေကြားထားပါတယ်။ ၂၂-၉-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁၆/၂၀၁၆) အရ မင်းဘူးခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ထောက်ခံတင်ပြရန် ဆုံးဖြတ်ခဲ့ပြီးတော့ ၂၂-၉-၂၀၁၆ ရက်နေ့မှာ မင်းဘူးခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခဲ့ကြောင်း ဖြေကြားထားမှုအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူးခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၁၁-၁-၂၀၁၇ ရက်နေ့မှာ ကျင်းပတဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇)ဆုံးဖြတ်ချက်အရ တိုင်းဒေသကြီး လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်ထောက်ခံမှုဖြင့် ၂၅-၁-၂၀၁၇ ရက်စွဲပါစာဖြင့် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ ဦးဝင်းငွေ ၏ လယ်ယာမြေ အခြားနည်းအသုံးပြု ခွင့်လျှောက်ထားမှုနှင့် စပ်လျဉ်းပြီး ၁၀-၄-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ဆုံးဖြတ်ချက်အရ ခွင့်ပြု၍ မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန် ဆုံးဖြတ်ခဲ့တဲ့အတွက် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ ၁၁-၅-၂၀၁၇ ရက်စွဲပါစာဖြင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့သို့တင်ပြခဲ့ပါတယ်။ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး ၃၁-၁-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၈) ဆုံးဖြတ်ချက်အရ လျှောက်ထားတဲ့ မြေမှာ ခွင့်ပြုချက်မရမီ သိုလှောင်ကန် ဆောက်လုပ်ခြင်း၊ ပန့်ဆိုင် တည်ဆောက်ရောင်းချခြင်း အတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ဖို့ဆိုပြီး ဆုံးဖြတ်ခဲ့ပါတယ်။ ဆုံးဖြတ်ခဲ့တဲ့အလျောက် လည်းပဲ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ မင်းဘူးခရိုင် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ ၂၁-၂-၂၀၁၈ ရက်နေ့က အကြောင်းကြားခဲ့ကြောင်း သိရပါတယ်။ သို့ဖြစ်တဲ့အတွက် ဦးဝင်းငွေ အနေနဲ့ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်းပြီး မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ကနေ ခွင့်ပြုချက်မရမီ သိုလှောင်ကန် ဆောက်လုပ်ထားခြင်း၊ ပန့်ဆိုင်များ

တည်ဆောက်ခြင်းအတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး အကြောင်းကြားထားရှိကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်လေးပေးလိုက်ပါ။

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ မမြဲဦးပိုင်နှင့် ပတ်သက်လို့ ကွင်းမြေပုံတွေ၊ ကွက်စိတ်မြေပုံတွေ မတိုင်းတာရသေးတဲ့နေရာမှာထွက်ထားတဲ့ စိုက်ပျိုးမြေတွေကိုတော့ ဒါ မမြဲဦးပိုင်ပေါ့လေ။ အဲဒီမမြဲဦးပိုင်သမားတွေကိုတော့ ကွင်းကွက်စိတ်၊ ကွင်းမဖော်ရလို့ ကွက်စိတ်မြေပုံ မတိုင်းတာရသေးတဲ့အတွက်ကြောင့် မြေလွတ်၊ မြေလပ်အဖြစ်ပဲ သတ်မှတ်ထားတယ် ဆိုပြီးတော့ ကျွန်တော် အဲဒီလို နားလည်လိုက်ပါတယ်။ အဲဒီတော့ အခု ကျွန်တော် မေးတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ Power Point မှာလည်း ပြပါတယ်။ အခု မမြဲဦးပိုင် ထွက်ရှိထားတဲ့ မြေခွန်ပြေစာတွေဆိုရင် ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်၊ ကွက်စိတ်မြေပုံနှင့် တိတိကျကျ ထွက်ပြီးသားပါ။ ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်ထွက်တယ်ဆိုရင် ဒီဥစ္စာ ကွက်စိတ်မြေပုံ ဆွဲပြီးသား၊ ကွင်းတွေဖော်ပြီးသားနေရာဖြစ်တယ်။ အချို့ဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)လောက်က ဥယျာဉ်ခြံမြေတွေ ဖြစ်ပြီးတော့၊ အုန်းပင်တွေ၊ ခနိမြေတွေ ဒါတွေကလည်းပဲ မြေခွန်ပြေစာတွေနဲ့ ထွက်ပြီးသား၊ ဦးပိုင်ထွက်ပြီးသား၊ ကွက်စိတ်မြေပုံဆွဲပြီးသား ဒီလို မြေခွန်ပြေစာရှိတဲ့ဟာတွေ တချို့ဆိုရင် ပုံစံ(၇) တောင် ထွက်ပေးထားတာ မမြဲဦးပိုင်နဲ့။ ဒီလိုမြေမျိုးတွေရော ကျွန်တော်တို့က မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ်နဲ့ပဲ ကျွန်တော်တို့တွေက လျှောက်ထားရမှာလား။ သို့တည်း မဟုတ်ရင် အခု ကျွန်တော်ပြောတဲ့ မြေမျိုးကို မြေခွန်ပြေစာနဲ့ အုန်းပင်ကြီးတွေ လက်တွေ့ကလည်း ဖြစ်နေတယ်။ ခနိခင်းကြီးတွေ ဖြစ်နေတယ်။ ပုံစံ(၇)ကလည်း မမြဲဦးပိုင်နဲ့ထွက်ထားတယ်။ ဒီလို မြေမျိုးတွေဆိုရင်ရော မမြဲဦးပိုင်ကို ပြောင်းပေးနိုင်ပါသလား။ ဒါကို ကျွန်တော် ထပ်ဆင့်မေးမြန်းလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားလိုက်ပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးဝင်း ရဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းဖြေကြားပါမယ်။ မိမိ ရှင်းလင်းဖြေကြားတဲ့အထဲမှာ မြေအနေနဲ့ မမြဲဦးပိုင်အတွက် ဆောင်ရွက်ရတဲ့အခါမှာ သူ့ရဲ့ ဆောင်ရွက်ရတဲ့ Process အနေအထားလေးကို ကျွန်တော် တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအဖြစ် စာရင်းအနေနဲ့ မှတ်ယူတည်ရှိထားတဲ့ မြေတွေထဲမှာ စိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်လာတာနဲ့အမျှ မိမိတို့ ဒီဟာကို သူတို့ ဥယျာဉ်ခြံဆိုလည်း ဥယျာဉ်ခြံအလျောက် လယ်စိုက်ထားရင်လည်း လယ်

အလျောက်ပေါ့၊ လစဉ်ကျင်းပတဲ့ လယ်ယာမြေစီမံခန့်ခွဲမှုဥပဒေမှာလည်းပဲ ကျွန်တော်တို့ စိစစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရလည်းပဲ ပြဋ္ဌာန်းခြင်းအားဖြင့် စိစစ်ပါတယ်။

ဆိုလိုတဲ့သဘောက မမြဲဦးပိုင်မှာ ရှိတဲ့ဟာတွေကို ကျွန်တော်တို့က အမြဲဦးပိုင်အဖြစ် ပြောင်းလဲခြင်းဆိုတာထက် တည်ရှိနေတဲ့ မြေအမျိုးအစားပေါ်မှာ မူတည်ပြီးတော့ ပုံစံ(၇)ရရှိရေး အတွက်ကို စိုက်ပျိုးတဲ့ တည်ငြိမ်မှုရှိလာတဲ့ကာလမှာ ထောက်ခံချက်နဲ့ ကျွန်တော်တို့ ဗဟိုကို တင်ပြလို့ရပါတယ်။ အဲဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း သိမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ယာမြေဆိုရင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ခန့်ခွဲပါတယ်။ လယ်မြေဆိုရင် မိမိတို့ ဗဟို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့က စီမံခန့်ခွဲပေးပါတယ်။ အဲဒီတော့ တည်ငြိမ်မှုရှိခြင်း၊ မရှိခြင်းဆိုတာထက် မိမိတို့မှာ အထောက်အထား ခိုင်လုံစွာနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ သတ်မှတ်ထားတဲ့ မြေအမျိုးအစားမှာပါဝင်သော စိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်လာတာနဲ့အမျှ ခွင့်ပြုချက်ပေးပြီးတော့မှ လိုအပ်တဲ့ ပုံစံ(၇)ထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိတယ်ဆိုတဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးဝင်း ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ဆက်စပ်မေးမြန်းလာမှုအပေါ်မှာ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်လေးပေးလိုက်ပါ။

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖြေကြားမှုနဲ့ပတ်သက်ပြီး ဆက်စပ်မေးစရာပေါ်လာတဲ့ကိစ္စက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဌာနဆိုင်ရာလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ကျွန်တော်ရှင်းလင်းတင်ပြမေးမြန်းသွားခြင်းလည်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ အဖြေထွက်တာကတော့ ဒီ လယ(၃၀) အမှုတွဲက အားလုံး ပြည့်စုံမှန်ကန်တယ်ဆိုတာတော့ ဒုတိယဝန်ကြီး ဖြေသွားတဲ့အထဲမှာလည်း ဒီလိုပဲ ပြည့်စုံမှန်ကန်တယ်ဆိုတာကို နားလည်ပါတယ်။ အဲဒီတော့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လျှောက်ထားသူ ဦးဝင်းငွေ ကို တရားစွဲခဲ့တာက ခွင့်ပြုချက်မရှိသေးဘဲနဲ့ အဆောက်အအုံနဲ့ ဆီပန့်တိုင်ကီတွေ ဆောက်လို့ဆိုပြီးတော့ တရားစွဲတာ မဟုတ်ပါဘူး။ ခွင့်ပြုချက်မရှိဘဲနဲ့ စက်သုံးဆီတွေကို ဖြန့်ဖြူးရောင်းချလို့ဆိုပြီးတော့ ကျွန်တော်တို့ တိုင်းရောင်းဝယ်ရေးအရာရှိကို တရားလိုလုပ်ပြီးတော့ တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်ပါတယ်။ ဒါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ရဲ့ လွဲမှားတဲ့ အဓိကအချက်တစ်ချက်ပါ။ နောက်တစ်ခုက ကျွန်တော် မေးတဲ့မေးခွန်းရဲ့ အဓိက က ခုနကလို လယ(၃၀)ပွင့်ဖြူရဲ့အမှုတွဲက လိုအပ်ချက်တစ်စုံတစ်ရာမရှိတဲ့အတွက် ဒီဟာနဲ့

ပတ်သက်ပြီး အမြန်ဆုံး ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာကို ကျွန်တော်က သိချင်တာဖြစ်ပါတယ်။ ဒါလေးကို ဆက်လက်ဖြေကြားပေးဖို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်အောင်ထွန်း ဆက်စပ်မေးတဲ့မေးခွန်းကို ကျွန်တော် ဖြေပါ့မယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တင်ပြတဲ့အပေါ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနဲ့ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့်ဆောင်ရွက်တဲ့အခါမှာ သူတို့သုံးသပ်ချက်အရ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အချက်(၄)ချက်ရှိပါတယ်။ ခွင့်ပြုချက်မရမီ သုံးစွဲတဲ့အခါမှာ သူတို့ကို ဒဏ်ငွေရိုက်တဲ့ကိစ္စ၊ နောက်တစ်ခါ ဒီမြေကို ပြန်လည်သိမ်းဆည်းဖို့ကိစ္စ နောက် ကျွန်တော်တို့ ဒီမြေနဲ့ပတ်သက်ပြီးတော့ အဆင့်ဆင့်ပေါ့လေ။ ဥပဒေမှာ အတိအလင်းပြဋ္ဌာန်းထား တာရှိပါတယ်။ ဆိုတော့ ကျွန်တော့် သုံးသပ်ချက်အရ ဝန်ကြီးဌာနရဲ့ သုံးသပ်ချက်အရ လွှတ်တော် ကိုယ်စားလှယ်ကြီး ဆက်စပ်မေးတဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားရရင် သူ့ဖြေကြားချက် အဆုံးသတ်က ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ဖို့ဆိုပြီးတော့ ဒါ မင်းဘူးခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီကို ပြောတဲ့အတွက် ခရိုင်စီမံခန့်ခွဲမှုအဖွဲ့က ပြဋ္ဌာန်းထားတဲ့ ဥပဒေနှင့်အညီ မည်ကဲ့သို့ အရေးယူဆောင်ရွက်ရမယ်ဆိုတဲ့ဟာကို အမြန်ဆုံးစီမံပေးဖို့လိုမှာဖြစ်ပါတယ်။ ခုနကတော့ စက်သုံးဆီဆိုင်ဟာ ခွင့်ပြုချက်မရမီ ဆီသိုလှောင်ကန်ဆောက်တာ၊ ပန့်ဆိုင်ဆောက်တာ ဒါမှ မဟုတ်ရင် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ဒီနေရာမှာ ပန့်ဆိုင်ဆောက်ပြီး ပန့်ဆိုင်က နေပြီးတော့မှ ဆီတွေဖြန့်ဖြူးတာ တစ်ခုတော့ ရှိတာပေါ့လေ။ ဆိုင်ရှိမှ၊ ပန့်ရှိမှ ဖြန့်ဖြူးလို့ရ၊ လုပ်ငန်း ရတာ သူ့ရဲ့အဆက်အစပ်တော့ ရှိမှာပေါ့လေ။ သို့သော် ဒီလုပ်ငန်းကိစ္စနှင့် ပတ်သက်၍ မိမိ ဝန်ကြီး ဌာနအနေနဲ့ သုံးသပ်ပြီးတော့ ဆက်စပ်မေးခွန်းအပေါ် ဖြေကြားရမယ်ဆိုရင် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ကနေပြီးတော့ သတ်မှတ်ထားတဲ့ ဥပဒေအရ မည်ကဲ့သို့ စီမံခန့်ခွဲရမယ်ဆိုတာကို သုံးသပ်နေတဲ့ အနေအထားမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီး ဆက်စပ်မေးတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာ တိုင်းလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို မိမိတို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အနေနဲ့ ဒါ အသိပေးဆောင်ရွက်ပေးသွားမယ်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ် မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဝင်များ မိမိ အစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးအနေဖြင့် ရန်ကုန်ရောက် ရခိုင်တိုင်းရင်းသားလူငယ်များအတွက် လူငယ်စင်တာဖြစ်ပေါ်လာရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ရခိုင်လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ငွေများ မည်ကဲ့သို့ သုံးစွဲနေကြောင်း သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၄။**

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ဒီနေ့ ကျွန်မအနေနဲ့ လူငယ်နဲ့ သက်ဆိုင်တဲ့ အရေးကြီးတဲ့မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးအနေဖြင့် ရန်ကုန်ရောက် ရခိုင်တိုင်းရင်းသားလူငယ် များအတွက် လူငယ်စင်တာပေါ်ပေါက်လာရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရခိုင် တိုင်းရင်းသားရေးရာဝန်ကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ရခိုင်လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ငွေသုံးစွဲမှုအခြေအနေနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ လာရောက်နေထိုင် ပညာသင်ကြားနေကြတဲ့ ရခိုင်ကျောင်းသားဦးရေမှာ နှစ်စဉ် (၂၀၀၀)ကျော်ရှိကြောင်း သိရှိရပါတယ်။ ဒီအရေအတွက်ဟာ အစိုးရတက္ကသိုလ်များမှာ တက်ရောက်တဲ့ စာရင်းသာဖြစ်ပြီးတော့ အပြင်ပုဂ္ဂလိကကျောင်းများမှာ တက်ရောက်နေသူတွေပါ ထည့်သွင်းလိုက်မယ်ဆိုလို့ရှိရင် (၃၀၀၀)နီးပါးရှိတယ်လို့ သိရပါတယ်။ ရခိုင်ပြည်နယ်ဟာ နယ်ပယ်အသီးသီးမှာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ ပြည်နယ်တစ်ခုဖြစ် တာကြောင့် ပြည်နယ်ဖွံ့ဖြိုးရေးအတွက်၊ အနာဂတ်လူငယ်မျိုးဆက်သစ်တွေအတွက် ပညာရေးမှာ များစွာ ရင်းနှီးမြှုပ်နှံသင့်တယ်ဆိုတဲ့အချက်ကို ပထမဆုံး ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ လက်တွေ့ပကတိ အခြေအနေမှာတော့ ရခိုင်ပြည်နယ်မှာ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်တဲ့သင်တန်းများ၊ တက္ကသိုလ်များဟာ အားနည်းတဲ့ အခြေအနေမှာ ရှိနေပါတယ်။ ရလဒ်

အနေနဲ့ လက်ရှိမှာ ရန်ကုန်တိုင်းဒေသကြီးကို လာရောက်ပညာသင်ကြရတဲ့ ရခိုင်ပြည်နယ်မှ ကျောင်းသားလူငယ်အရေအတွက်ဟာ နှစ်စဉ်တိုးပွားဆဲဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံရဲ့ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံနဲ့ လူ့စွမ်းအားအရင်းအမြစ်အကြွယ်ဝဆုံး ရန်ကုန်မြို့တော်မှာ ရခိုင်လူငယ်လူရွယ်များဟာ ပညာရေးဆိုင်ရာ ရည်မှန်းချက်များ ဖြည့်ဆည်းနိုင်ဖို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ဖို့အတွက် ပံ့ပိုးကူညီထောက်ပံ့မှု များစွာလိုအပ်လျက်ရှိပါတယ်။ ဆင်းရဲတဲ့ ရခိုင်ပြည်နယ်က လူငယ်အများအပြားဟာ ရန်ကုန်မြို့ကို ပညာသင်ဖို့ ရောက်လာခဲ့ပေမယ့် ငွေကြေးမပြည့်စုံတာကြောင့် မိသားစုကို ကူညီထောက်ပံ့ရန်အတွက် ပညာဆက်လက်မသင်ဘဲ ရရာလုပ်ငန်းခွင်မှာ ဝင်ရောက်လုပ်ကိုင် နေရပါတယ်။ ဒါဟာ လူငယ်တစ်ဦးချင်းစီရဲ့ အနာဂတ်အလားအလာကို ထိခိုက်စေသလို ပြည်နယ်နဲ့ တိုင်းပြည်ရဲ့ အနာဂတ်ဖွံ့ဖြိုးမှုကိုလည်း ထိခိုက်စေပါတယ်။

တစ်နည်းပြောရမယ်ဆိုရင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အကျိုးပြုနိုင်မယ့် ရခိုင်လူငယ်များကို အရည်အချင်းရှိသော လူသားအရင်းအမြစ်အဖြစ် ပံ့ပိုးပြုစုပျိုးထောင်ပေးမည့် လူငယ်စင်တာတစ်ခုကို ရန်ကုန်မြို့မှာ လိုအပ်လျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာလိုက်ပါက လူငယ်တွေရဲ့ ကိုယ်ရည်ကိုယ်သွေးတိုးမြှင့်ပေးရာ လူငယ်စင်တာများ အသီးသီးရှိနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ လူငယ်စင်တာဆိုတာ လူငယ်တွေအတွက် စိတ်ဝင်စားမှုနယ်ပယ်အလိုက် ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဗဟုသုတ အတွေးအမြင်ဆိုင်ရာ အတွေ့အကြုံများ ရှာမှီးပြီး ခေါင်းဆောင်ပိုင်းဆိုင်ရာ အရည်အချင်းများ တည်ဆောက်ရာနေရာ တစ်ခုဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉) အခန်း(၃)မှာဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ခြင်း အပိုဒ်(၅)မှာဆိုလို့ရှိရင် တိုင်းရင်းသားရေးရာ ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ တိုင်းရင်းသားရေးရာနှင့် တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်းပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းနိုင်ကြောင်း ဖော်ပြထားပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့အနေနဲ့ ရန်ကုန်တိုင်းမှာရှိနေတဲ့ ရခိုင်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်နိုင်ရန် လက်တွေ့မှာ လမ်းပွင့်လျက်ရှိပါတယ်။ ဒါကို အကောင်အထည်

ဖော်ဖို့ပဲလိုပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(Myanmar Sustainable Development Plan-MSDP)၏ မူဝါဒရေးရာ ဦးတည်ချက်များ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များအရ လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်မူဝါဒ ကဲ့သို့သော ကောင်းမွန်တဲ့ မူဝါဒများရှိပြီးဖြစ်ပါတယ်။ ပြောင်းလဲတိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်ပြေးညီ ဖြစ်သင့်ပါတယ်။

ဒါကြောင့် ရခိုင်လူငယ်များ ဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ လူငယ်စင်တာတစ်ခုကို ရန်ကုန် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးအနေဖြင့် အကောင်အထည်ဖော်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် ရခိုင် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ငွေများကို မည်ကဲ့သို့ သုံးစွဲနေကြောင်း သိရှိလို ပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရခိုင် တိုင်းရင်းသားရေးရာဝန်ကြီးသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်း နေထိုင်ကြသော ရှော၊ ဒါးရင်ဒူး၊ ဥပ်(ပူး)၊ ဒိုင်၊ မွင်း စသည့် မျိုးနွယ်စုများ၏ တိုင်းရင်းစာပေ သင်ကြားမှုအား မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်း နှင့် ဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၈။**

**ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းသွားမယ့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ရှော၊ ဒါးရင်ဒူး၊ ဥပ်(ပူး)၊ ဒိုင်၊ မွင်း စတဲ့ မျိုးနွယ်စုများရဲ့ တိုင်းရင်းစာပေ သင်ကြားနေမှုအား မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိ လိုခြင်းနှင့် ဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းတို့ကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်တွင် မေးခွန်းမှာ ဖော်ပြထားသလိုပဲ မျိုးနွယ်စုများဟာ နေထိုင်ရာဒေသအလိုက် မျိုးနွယ်စုအလိုက် စုပေါင်းနေထိုင်ခဲ့ကြပါတယ်။ မျိုးနွယ်စုတွေကြားထဲမှာလည်း ပြဿနာတစ်စုံတရာမရှိဘဲ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြတာဖြစ်ပါတယ်။ မိမိတို့ရဲ့ မျိုးနွယ်စုဒေသတွေမှာ တိုင်းရင်းသားစာပေများကို မိခင်ဘာသာနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ သင်ကြားခဲ့ကြရာမှာ ရှော့စာပေ (၂၃)ကျောင်း၊ ဒါးရင်ဒူးစာပေ (၄၂)ကျောင်း၊ ဥပ်(ပူး)စာပေ (၃၄)ကျောင်း၊ ဒိုင်စာပေ (၃၂)ကျောင်း၊ ချိုးစာပေ (၂၀)ကျောင်းမှာ သင်ကြားလျက်ရှိပြီးနောက် သင်ကြားသည့် စာပေတွေဟာလည်း ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြုစာပေများဖြစ်ပါတယ်။ ဒီလို ၂၀၁၄-၂၀၁၅ ခုနှစ်မှ သင်ကြားလာသော စာပေများကို ပိုမိုပြီးမှ ကောင်းမွန်စွာဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မျိုးနွယ်စုအလိုက် တိုင်းရင်းစာပေသင်ကြားမည့် ဆရာ၊ ဆရာမများသာ ဖြည့်ဆည်းရန် လိုအပ်လျက်ရှိပြီး စာပေသင်ကြားခြင်းနဲ့ ပတ်သက်ပြီးတော့ အခြားပြဿနာလုံးဝ မရှိပါဘူး။

ယခုအခါ လိုင်၊ လိုင်ဇိုး၊ ဇိုလိုင်း၊ ခူမီး(ခမီး)နှင့် ချိုးစာပေများကို အမြန်ဆုံး ပုံနှိပ်ဖြန့်ဖြူးနိုင်ရေးအတွက် ချင်းပြည်နယ်လွှတ်တော်တွင် အဆိုအောင်မြင်ခဲ့ရာ မျိုးနွယ်စု(၅)ခုသာ ပုံနှိပ်ပေးမည့် သဘောဖြစ်နေတဲ့အတွက် ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု လက်ရှိသင်ကြားနေသော အခြားမျိုးနွယ်စုစာပေတွေကို အသိအမှတ်မပြုရာရောက်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်လို့ ပါ ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဃ)မှာ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ၊ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း (၃) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)မှာ မိမိတို့ရဲ့ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိပါတယ်။ ဥပဒေပြဌာန်းရတဲ့ ရည်ရွယ်ချက်တွေကလည်း တိုင်းရင်းသား လူမျိုးအားလုံး တန်းတူညီမျှတဲ့ နိုင်ငံသားအခွင့်အရေးတွေ ရရှိစေဖို့နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးတွေကို အပြည့်အဝရရှိစေရန် တိုင်းရင်းသားလူမျိုးများရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံ အမျိုးသားရေးလက္ခဏာနှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ပြီးတော့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

အခန်း(၇) တားမြစ်ချက် ပုဒ်မ ၂၂ မှာဆိုရင် မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပိတ်ပင်

တားဆီးခြင်းမပြုရလို့ ပြဋ္ဌာန်းထားသလို ပုဒ်မ ၂၄ မှာဆိုရင်လည်း မည်သူမျှ တိုင်းရင်းသားလူမျိုးများ အချင်းချင်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း အမျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာစေရန် အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရလို့ တားမြစ်ပြဋ္ဌာန်းထားပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ် မှစပြီး တည်ငြိမ်စွာ သင်ကြားလာတဲ့ မိမိတို့ရဲ့ မိခင်ဘာသာ စကားကို မသင်ကြားရတော့ဘဲနဲ့ အခြားမျိုးနွယ်စုရဲ့ ဘာသာစကားကို သင်ယူရမယ်ဆိုတာဟာ ဘယ်လိုမှ မဆီလျော်တဲ့ကိစ္စ၊ အချင်းချင်းကြားမှာ မုန်းတီးခြင်း၊ စိတ်ဝမ်းကွဲခြင်းတွေသာ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မျိုးနွယ်စုများရဲ့ မိခင်ဘာသာ စကားသင်ကြားမှုဟာ ၎င်းမျိုးနွယ်စုတွေရဲ့ အခွင့်အရေးနှင့် ရပိုင်ခွင့်တွေဖြစ်ပါတယ်။ ချင်းမျိုးနွယ်စု (၅၃)မျိုးရှိတဲ့အထဲမှာ ဒီစာပေ (၅)မျိုးကိုပဲ သင်ကြားရမယ်ဆိုတဲ့ သဘောသက်ရောက်နေတဲ့အတွက် ဥပဒေပါ အခွင့်အရေးတွေ အပြည့်အဝ ရရှိနိုင်ရေးနှင့် ရာ့၊ ဒါးရင်ဒူး၊ ဉပ်(ပူး)၊ ဒိုင်၊ မွင်း မျိုးနွယ်စုတို့၏ မိခင်တိုင်းရင်းစာပေ သင်ကြားမှုအား ပိုမိုရှင်သန်ဖွံ့ဖြိုးနိုင်ရေးကို မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးအား မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ ပထမ တစ်နာရီဟာ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု မေးခွန်း (၂)ခုကို ဖြေကြားဖို့ပဲ ကျန်ပါတော့တယ်။ ဒါဆို တစ်နာရီ ကျော်သွားမှာဖြစ်တဲ့အတွက် ဒီမေးခွန်း ဖြေကြားခြင်းကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အသိပေးပါတယ်။

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၀၃။**

**ဦးလှမော်ဦး (ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး ဖြစ်ပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဲဒီ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ရဲ့ ဖြေကြားချက်တွေနဲ့ အတူ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟာ ဆိုလို့ရှိရင် တိုင်းရင်းသားရေးရာကိစ္စရပ်များဖြစ်တဲ့ တိုင်းရင်းသားများရဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစသည်တို့ကို ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအပြင် တိုင်းရင်းသားရေးရာ ကိစ္စရပ်များအား အသိပညာပေးခြင်း၊ တိုင်းရင်းသားလူမျိုးတို့ရဲ့ ပုံပြင်ပုံပြင်စာအုပ်များ ပုံနှိပ် ထုတ်ဝေခြင်း၊ Teaching Assistant နှင့် Language Teacher များ ခန့်ထားနိုင်ရေး ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီးတော့ တိုင်းရင်းသားလူမျိုးများအတွက် လိုအပ်တဲ့ လက်ကမ်းစာစောင်များ၊ စာအုပ်စာပေများကို ဘာသာပြန်ဆိုခြင်းနှင့် တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပါ အခွင့်အရေးများရရှိနိုင်ရေး စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားလူမျိုးစု (၁)စုချင်းစီရဲ့ စင်တာကဲ့သို့သော အဆောက်အဦများ၊ Community Hall ကဲ့သို့ အဆောက်အဦများ၊ လူငယ်ရေးရာကိစ္စရပ်များကို သီးခြားဆောင်ရွက်ပေးခြင်းတော့ မရှိခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူငယ်ရေးရာကိစ္စနှင့်ပတ်သက်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဓိကဆောင်ရွက်နေတာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လူငယ်ဖွံ့ဖြိုးရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ဦးဆောင်မှုနဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ ပြည်တွင်းပြည်ပ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒကို ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ မူကြမ်းရေးဆွဲရေးကော်မတီများ အသီးသီးဖွဲ့စည်းပြီးတော့ ရေးဆွဲခဲ့ကြတာ ဖြစ်ပါတယ်။ ၈-၁၁-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ လူငယ်ရေးရာ မူဝါဒကို အတည်ပြုခဲ့ပါတယ်။ ၅-၁-၂၀၁၈ ရက်နေ့မှာတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ မိတ်ဆက်ဖြန့်ချိပေးခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ လူငယ်ရေးရာ မူဝါဒ အပိုဒ် ၃၀ မှာ လူငယ်များ အနုပညာ၊ အားကစားလှုပ်ရှားမှုများ အပါအဝင် လူငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ပြီး အချင်းချင်း အပြန်အလှန်ထိတွေ့ ဆက်ဆံသင်ယူနိုင်မည့်နေရာဖြစ်တဲ့ လူငယ်စင်တာကိုပါ ဖော်ထုတ်တည်ထောင်ရန်ကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်။

အဆိုပါ လူငယ်ရေးရာမူဝါဒ ထွက်ရှိပြီးနောက်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် လူငယ်စင်တာ

များ ထွက်ပေါ်လာစေဖို့ သက်ဆိုင်ရာအစိုးရအဖွဲ့တွေနဲ့ ညှိနှိုင်းပေးခြင်း၊၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ လူငယ်စင်တာတွေမှာ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများ ဝယ်ယူနိုင်ဖို့အတွက် ကျပ်သန်း(၈၀)နှင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် (၁၁၂.၅) သန်းကို ခွဲဝေချထားပေးခဲ့ပါတယ်။ ၂၇–၂–၂၀၂၀ ရက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှာ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ လူငယ်စင်တာကို ဖွင့်လှစ်နိုင်ခဲ့ပြီး ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့တို့မှာ လူငယ်စင်တာအတွက် မြေနေရာများ ရရှိပြီးလည်းဖြစ်ပါတယ်။ အဲဒီမှာလည်း လူငယ်စင်တာတွေ ဖွင့်လှစ်နိုင်ဖို့အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီအနေနဲ့တော့ ခရိုင်(၄)ခုမှာ ခရိုင်အဆင့် လူငယ်ရေးရာကော်မတီတွေ ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ လူငယ်စင်တာ မြေနေရာ ရရှိရေးအတွက် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီဟာ လူငယ်လှုပ်ရှားမှုအနေနဲ့ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ၁၁–၈–၂၀၁၉ ရက်နေ့ကနေ ၁၂–၈–၂၀၁၉ ရက်နေ့အထိ ရန်ကုန်မြို့မှာလည်းကောင်း၊ Youth Cultural Exchange Programme ကို ၂၉–၉–၂၀၁၉ ရက်နေ့ကနေပြီးတော့ ၂–၁၀–၂၀၁၉ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် စတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်(၅)ခုက လူငယ် (၃၀)ဦးစီဖြင့် ကျင်းပပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ Programme ထဲမှ Cultural Exchange, Team Building, Social Exchange, City Tour စတဲ့အစီအစဉ်များကို ထည့်သွင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ အတွင်းမှာ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ အလွှာစုံ၊ ကဏ္ဍစုံမှာ လူငယ်များပါဝင်ပြီးတော့ Youth Career Forum ကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ Forum ကနေပြီးတော့ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်း Job Resilience ခေါင်းစဉ်တွေကိုလည်း ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ Peace Day, Comprehensive Sexuality Education (CSE), Disaster Resilience နဲ့ပတ်သက်တဲ့ လူငယ်စကားဝိုင်းများကိုလည်း ကျင်းပနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး(၂)ဦးသာ ရှိပါတယ်။ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအနေနဲ့ ရခိုင်တိုင်းရင်းသား လူငယ်တွေအတွက် လူငယ်စင်တာအပြင် ရခိုင်တိုင်းရင်းသားများအားလုံး အသုံးပြုနိုင်ဖို့အတွက် ရခိုင်ကွန်မြူနတီစင်တာတစ်ခုကို ဖြစ်ပေါ်လာစေရေးကို အဓိကရည်ရွယ်ချက်တစ်ခုအဖြစ်ထားရှိကာ ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်အစိုးရ

လက်ထက်မှာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနများ စနစ်တကျ ဖွဲ့စည်းခဲ့ခြင်းမရှိတဲ့အတွက် ရခိုင်တိုင်းရင်းသားရေးရာ ကိစ္စရပ်များကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။

၂၀၁၆ ခုနှစ်မှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို စတင်ဖွဲ့စည်းခဲ့ပြီးတဲ့ နောက်ပိုင်းမှာတော့ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွေကို စနစ်တကျ ဆောင်ရွက်လာနိုင်ပြီးတော့ ရခိုင် (Community Centre) ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ မြေကွက်ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီးတော့ မြေကွက်ရရှိမယ်ဆိုရင် ရန်ပုံငွေထည့်သွင်းတောင်းခံကာ ဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်းလည်း သိရှိရပါတယ်။ ၈-၂-၂၀၂၀ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဖွင့်လှစ်တဲ့ ဗဟန်းမြို့နယ်မှာရှိတဲ့ (Community Center)နှင့် ပန်းဆိုးတန်းဆိပ်ကမ်းမှာ ရှိတဲ့ (Innovation Center)တို့မှာ ရခိုင်လူငယ်များအနေနဲ့ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာ သင်တန်း၊ လုပ်ငန်းခွင်ဝင်သင်တန်းများ သင်ကြားနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိ ပါတယ်ဆိုတာ တင်ပြအပ်ပါတယ်ခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ်သိန်း (၇၀၀)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သိန်း (၂၃၀၀)၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျပ်သိန်း (၉၉၅.၅၈)၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျပ်သိန်း (၃၇၀)တို့ဖြင့် ဆရာတော်ဦးဥတ္တမ ရဲ့ သမိုင်းမှတ်တမ်း၊ ရခိုင်ဝေါဟာရအဘိဓာန် (ဒုတိယ အကြိမ်)၊ ရခိုင်ရှေးဟောင်းမြို့တော်များစတဲ့ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတွေ၊ ရခိုင်အမျိုးသားနေ့၊ ဆရာတော်ဦးဥတ္တမနေ့၊ ရခိုင်ပြည်နယ်နေ့၊ ရခိုင်ရိုးရာသင်္ကြန်စတဲ့ အခမ်းအနားပွဲတော်တွေ၊ ရခိုင် ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ရတုပြိုင်ပွဲနှင့် ရခိုင်ရိုးရာ သီချင်း ပြိုင်ပွဲများကို ယဉ်ကျေးမှုပြန်လည်ဖော်ထုတ်ရေး အစီအမံများအနေနဲ့ ဟောပြောပွဲနှင့် စာတမ်း ဖတ်ပွဲစသည်များ၊ ရခိုင်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်၊ ရခိုင်လူငယ်အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ရေးစတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း ရခိုင်တိုင်းရင်းသားလူငယ်တွေအတွက် ဆောင်ရွက် ပေးလျက်ရှိပါတယ်။ အဲဒီပွဲတော်များ ကျင်းပတဲ့အခါမှာ ရခိုင်တိုင်းရင်းသားများ သာမက ကျန် တိုင်းရင်းသားများကလည်း ပါဝင်ဆင်နွှဲလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အလားတူ မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့ သာကေတ တိုင်းရင်းသားကျေးရွာမှာ ရန်ကုန်မြို့နဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုများရဲ့ နေ့ထူးနေ့မြတ်တွေ၊ အထိမ်းအမှတ် အခမ်းအနား တွေကို စီစဉ်ကျင်းပပေးနေရုံသာမက တိုင်းရင်းသားလူမျိုးစုတွေရဲ့ တွေ့ဆုံရပ် (Ethnic Community center)အဖြစ်လည်း ဆောင်ရွက်ပေးနေပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကန်ပက်လက်မြို့အတွင်းမှာ နေထိုင်ကြတဲ့ ရာ့၊ ဒါးရင်းဒူး၊ ဉပ်(ပူး)၊ ဒိုင်၊ မွင်းစတဲ့ လူမျိုး မျိုးနွယ်စုတွေရဲ့ တိုင်းရင်းသားစာပေ သင်ကြားမှုတွေကို မည်ကဲ့သို့ဆောင်ရွက်ပေးနေတယ်ဆိုတာနှင့် ဥပဒေပါ အခွင့်အရေးတွေ အပြည့်အဝရရှိနိုင်ရေးအတွက် ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီးတော့ ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပညာရေးဝန်ကြီးဌာနတို့ရဲ့ ဖြေကြားချက်များနှင့်အတူ ကျွန်တော်တို့ ဝန်ကြီးဌာနမှ ပေါင်းစပ်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာကိစ္စရပ်များဖြစ်တဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံ ထုံးတမ်းအစဉ်အလာ စတာတွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတွေ အပြင် တိုင်းရင်းသားရေးရာကိစ္စရပ်တွေကို အသိပေးခြင်း၊ တိုင်းရင်းသားလူမျိုးတို့ရဲ့ ပုံပြပုံပြင်စာအုပ်တွေ ပုံနှိပ်ထုတ်ဝေခြင်း၊ Teaching Assistant နှင့် Language Teacher တွေ ခန့်ထားနိုင်ရေး ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီးတော့ တိုင်းရင်းသားလူမျိုးများအတွက် လိုအပ်တဲ့ လက်ကမ်းစာစောင်များ၊ စာအုပ်စာစောင်များကို ဘာသာပြန်ဆိုခြင်းနဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပါတဲ့ အခွင့်အရေးတွေ ရရှိနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိတယ်ဆိုတဲ့အကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၄ ခြေဆင်းမှာဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးများရဲ့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်ဟု ဖော်ပြထားပြီးတော့ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဃ)တို့မှာ မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ကိုးကွယ်သည့် ဘာသာ၊ သာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။ မိမိတို့၏ စာပေနှင့် အနုပညာတို့ ခေတ်မီ တိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားများရဲ့ မိခင်ဘာသာ စာပေတွေကို သင်ကြားနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိတဲ့အခါမှာ တိုင်းဒေသကြီး/ပြည်နယ် အခြေခံကျောင်းများမှာ တိုင်းရင်းသားဘာသာ (၆၇)မျိုးကို သင်ကြားပေးလျက်ရှိတာ ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ချင်းတိုင်းရင်းသား မျိုးနွယ်စုတွေရဲ့ တိုင်းရင်းသားဘာသာ (၂၁)မျိုးဖြစ်တဲ့ ဉပ်(ပူး)၊ ဇိုတုန်၊ ဟားခါး၊

မာရာ၊ ကာဏ်း၊ တီးတိန်၊ ဇိုု၊ ထာဒို၊ ဒါးရင်းဒူး၊ ဒိုင်၊ လေမီ၊ လေးတူ၊ ဖလမ်း၊ မတူပီ၊ ခူမီး၊ မတူ လောက်တူ၊ ချိူ၊ ရာ့၊ ဟွာလ်ငို၊ ခေါင်စိုု(အဆန်)စတာတို့ကို သင်ကြားပေးနေတာကို တွေ့ရှိရပါတယ်။ ဒီအပြင် တခြား တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာလည်း ချင်းတိုင်းရင်းသား မျိုးနွယ်စုတို့ရဲ့ တိုင်းရင်းသားဘာသာတွေ အသီးသီးကို သင်ကြားပေးနေတာ တွေ့ရှိရပါတယ်။ တိုင်းရင်းသား ကလေးငယ်တွေ၊ တိုင်းရင်းသားဘာသာသင်ကြားရာမှာ အထောက်အကူဖြစ်စေဖို့အတွက် တိုင်းရင်းသားဘာသာ(၆၆)မျိုးတို့ရဲ့ ပုံပြပုံပြင်စာအုပ်တွေကို ပုံနှိပ်ပြီးတော့ ချင်းပြည်နယ်အတွက် ချင်းတိုင်းရင်းသားမျိုးနွယ်စုတွေအတွက် ဘွာလ်ခေါ၊ ချိူ၊ ဒါးရင်းဒူး၊ ဒိုင်၊ ဟားခါး၊ ကာဏ်း၊ ခွါလ်ဆိမ်း၊ ခေါင်စိုု၊ ဟွာလ်ငို၊ ခူမီး၊ လေးတူ၊ လာအိုသူ၊ လဲင်သဲ၊ မတူချင်း၊ မတူပီ၊ ငေါန်းချင်း၊ သပေါင်း၊ တာရှုန်း၊ တီးတိန်၊ ဥပ်(ပူး)၊ ဇိုု၊ မရာ၊ စီးယင်း၊ ဇန်နီယက်၊ ဇိုတုန်၊ ဖလမ်း စတဲ့ ချင်းမျိုးနွယ်စု (၂၆)စုရဲ့ ပုံပြပုံပြင် စာအုပ်ပေါင်း (၅၆၃၆၄)အုပ်ကိုလည်း ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့ ချင်းတိုင်းရင်းသားတွေအတွက်လည်း ဖြန့်ဝေပြီးဖြစ်ပါတယ်။ လာမည့်နှစ်တွေ မှာလည်း ဆက်လက်ဖြန့်ဝေမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့မှာ ရာ့၊ ဒါးရင်းဒူး၊ ဥပ်(ပူး)၊ ဒိုင်၊ မွင်း(ချိုး)စာပေများကို အခြေခံ ပညာကျောင်းပေါင်း (၁၂၁)ကျောင်းမှာ တိုင်းရင်းသားဘာသာသင် Teaching Assistant (၉၁)ဦး၊ Language Teacher (၁၁၂)ဦးနဲ့ သင်ကြားပေးလျက်ရှိပါတယ်။ အဆိုပါ စာပေများ သင်ကြားဖို့ အတွက် ဆရာ၊ ဆရာမတွေ ခန့်ထားတဲ့အခါမှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ပေးပို့ တင်ပြလာတဲ့ လျှောက်ထားသူများကို သတ်မှတ်ချက်နှင့်အညီ စိစစ်ရွေးချယ်ပြီး ၎င်းတို့ ဆန္ဒပြုတဲ့ ကျောင်းများမှာ ခန့်ထားဆောင်ရွက်ပေးနေပါကြောင်း၊ ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ ပညာရေးဝန်ကြီးဌာနက အသိ အမှတ်ပြုတဲ့ တိုင်းရင်းသားဘာသာသင်ရိုး၊ ကျောင်းသုံးပုံစံစာအုပ်များဖြင့် သင်ကြားလျက်ရှိတဲ့ ကျောင်းသား၊ ကျောင်းသူဦးရေ၊ ဆရာ၊ ဆရာမဦးရေလည်း တိုင်းရင်းသားဘာသာအတွက် လိုအပ်တဲ့ ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့က လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလိုတဲ့ အကြောင်းအရာ ထဲမှာ ပါဝင်တဲ့ လိုင်၊ လိုင်ဇိုး၊ ဇိုလိုင်၊ ခူမီး(ခမီး)နှင့် မွင်း(ချိုး) စာပေတွေကို အမြန်ဆုံး ပုံနှိပ်ထုတ်ဝေ နိုင်ရေးအတွက် ချင်းပြည်နယ်လွှတ်တော်မှာ အတည်ပြုခဲ့တဲ့ ကိစ္စနှင့်ပတ်သက်ပြီး ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် (၂၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ထန်တလန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဗန်ထောင်း ကနေပြီးတော့ ချင်းပြည်နယ် မြို့နယ် အသီးသီးမှာရှိတဲ့ မိမိတို့မြို့နယ် ဒါမှမဟုတ် မျိုးနွယ်စုအလိုက် ပြောဆိုတဲ့ တိုင်းရင်းသားဘာသာ

စကားအမျိုးမျိုးကို ပြောဆိုကြပါတယ်။ ထို့အတူ တိုင်းရင်းသားဘာသာစကားတွေ များစွာအနက် အများဆုံးပြောဆိုကြတဲ့ ဘာသာစကားကို မြို့နယ်အတွင်းမှာရှိတဲ့ ဘုံဘာသာစကားအဖြစ် သင်ယူစေခြင်းဖြင့် ဘာသာစကားမြောက်မြားစွာ ပြောဆိုခြင်းမှ အထိုက်အလျောက်ကင်းဝေးစေရန် ချင်းလူမျိုးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ပညာတတ်လူ့အဖွဲ့အစည်းများမှ ဆန္ဒပြင်းပြစွာ လိုလားလျက်ရှိကြကြောင်း တင်ပြပါတယ်။ ထိုအခြေအနေအရ ချင်းပြည်နယ်အတွင်း အများဘာသာစကား (၅)မျိုး သို့မဟုတ် (၆)မျိုးခန့်သာ တိုင်းရင်းသားဘာသာအဖြစ် သင်ကြားရန် လွှတ်တော်နှင့် အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

ဒီလို စီစဉ်ဆောင်ရွက်ကြတဲ့အခါမှာ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်များက ဇိုလိုင် (ကမ်ဟောက်) ဘာသာစကားကို သင်ကြားဖို့အတွက်လည်းကောင်း၊ ဖလမ်းမြို့နယ်အနေနဲ့ လိုင်ဇိုး ဘာသာစကားကို သင်ကြားဖို့အတွက်လည်းကောင်း၊ ဟားခါးနှင့် ထန်တလန်မြို့နယ်တွေမှာ လိုင်(ဟားခါး) ဘာသာစကားကို သင်ကြားရန်အတွက်လည်းကောင်း၊ ပလက်ဝမြို့နယ်အနေနဲ့ ခူမီး ဘာသာစကားကို သင်ကြားရန်အတွက်လည်းကောင်း သတ်မှတ်ထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အဲဒီဘာသာစကားတွေကို သင်ကြားနိုင်ဖို့အတွက် ပြဋ္ဌာန်းထားသော စာအုပ်များ ပုံနှိပ်ထုတ်ဝေရန် အရေးတကြီး လိုအပ်လျက်ရှိနေတာလည်းဖြစ်ပါတယ်။ ဒီဘာသာစကားတွေကို ဒေသအလိုက် သတ်မှတ်သင်ကြားနိုင်ဖို့အတွက် သတ်မှတ်ထားပြီးဖြစ်တဲ့ အထက်ဖော်ပြပါ တိုင်းရင်းသားဘာသာ (၄)မျိုးအား အမြန်ဆုံး ပုံနှိပ်ဖြန့်ဖြူးပေးနိုင်ပါရန် ချင်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကိုလည်း တင်သွင်းသွားခဲ့တာဖြစ်ပါတယ်။

အဲဒီ အဆိုတင်သွင်းတာနဲ့ ပတ်သက်ပြီးတော့ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးဖွေအား မှ ချင်းပြည်နယ်အတွင်း ပညာရေးဝန်ကြီးဌာနမှ လက်ရှိအချိန်အထိ သင်ကြားခွင့်ပြုထားတဲ့ ချင်းတိုင်းရင်းသားဘာသာ (၂၂)မျိုးရှိပါကြောင်း၊ ပုံနှိပ်ထုတ်ဝေရေးနှင့် ပတ်သက်ပြီးတော့ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း၊ မတူပီမြို့နယ်တွင် တိုင်းရင်းသားဘာသာ(၃)မျိုးဖြစ်သည့် မတူပီ၊ မရာ၊ ဇိုတုန် စသည်တို့ကို သင်ကြားခွင့်ရရှိပြီး လောက်တူစာပေနှင့် ဒိုင်စာပေ သင်ကြားခွင့်ရရှိရေးအတွက် တင်ပြချက်တွေလည်းရှိခဲ့ပါကြောင်း၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွေမှာ ချင်းပြည်နယ်အတွက် ခန့်ထားပေးတဲ့ တိုင်းရင်းသားဘာသာပြ ဆရာ၊ ဆရာမ Teaching Assistant ၊ Language Teacher စုစုပေါင်း (၉၆၇)ဦးရှိကြောင်း ရှင်းလင်းဖြေကြားခဲ့ပါတယ်။ အဲဒီ ရှင်းလင်းဖြေကြားချက်တွေအပေါ်မှာ ချင်းပြည်နယ်လွှတ်တော်ရုံးက ၃၁–၁–၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁/၄–၂ (၇၆)/ခလတဖြင့် လွှတ်တော်မှာ အတည်ပြုတဲ့အတွက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပေးပို့လာပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၆-၂-၂၀၂၀ ရက်စွဲပါ စာအမှတ်ဖြင့် ပြည်နယ်ပညာရေးမှူးနဲ့ တိုင်းရင်းသားစာပေယဉ်ကျေးမှုဦးစီးဌာနကို ဆက်လက်ဆောင်ရွက်နိုင်ရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း သက်ဆိုင်ရာဌာနများမှ အဆင့်ဆင့်စိစစ်တင်ပြပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်တဲ့အကြောင်းလည်း ပြန်ကြားလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးစုတွေရဲ့ မိခင်ဘာသာစကားသင်ကြားခွင့်ဟာ ၎င်းမျိုးနွယ်စုတွေအတွက် အခွင့်အရေးနဲ့ ရပိုင်ခွင့်ဖြစ်ပြီးတော့ အစိုးရနဲ့လွှတ်တော်က ဆုံးဖြတ်ရမည့်ကိစ္စမဟုတ်သကဲ့သို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ဆုံးဖြတ်ရမည့် ကိစ္စမဟုတ်ပါဘူး။ ၎င်းတို့ရဲ့ တိုင်းရင်းသားမျိုးနွယ်စုများ ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်ရမယ့် ကိစ္စများသာဖြစ်ပါတယ်။ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့ နိုင်ငံတော်ပညာရေးမူဝါဒများကို ဆန့်ကျင် ထိခိုက်မှုမရှိပါက တိုင်းရင်းသားလူမျိုးများက ၎င်းတို့ရဲ့ စာပေများကို လွတ်လပ်စွာ တင်ပြခွင့်နဲ့ သင်ယူခွင့်ရှိနေတာ ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ တိုင်းရင်းသားစာပေ အပါအဝင် တိုင်းရင်းသားရေးရာကိစ္စရပ်တွေ၊ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးကာကွယ် စောင့်ရှောက်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ ပညာရေးမူဝါဒ၊ အမျိုးသားပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်ရမှာဖြစ်ပြီးတော့ ချင်းပြည်နယ်လွှတ်တော်ရဲ့ ဆွေးနွေးချက်တွေနဲ့ စပ်လျဉ်းပြီးတော့ တိုင်းရင်းသားဘာသာ(၅)မျိုးကို အခြားသော ချင်းတိုင်းရင်းသားများ သို့မဟုတ် ချင်းပြည်နယ်ရှိ တိုင်းရင်းသားအားလုံးက ၎င်းတို့ရဲ့ မိခင်စာပေအပြင် အဆိုပါဘာသာရပ်တစ်ခုခုကို စိတ်ဝင်စားပြီးတော့ သင်ကြားလိုပါက သင်ကြား နိုင်ရေးအတွက် ဆောင်ရွက်ခြင်းမျိုးသာ ဆောင်ရွက်ပေးသင့်တာဖြစ်ပါတယ်။ ရန်ပုံငွေလျာထား ရရှိမှုအပေါ်မူတည်ပြီး တန်းတူညီမျှအရေးကို အခြေခံပြီးတော့ ဦးစားပေး အစီအစဉ်တွေနဲ့ ဆောင်ရွက်သွားသင့်ပြီး ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားဘာသာရပ်များအားလုံး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဆောင်ရွက်သင့်ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်အတွင်းမှာ ချင်းတိုင်းရင်းသားလူမျိုးစုများရဲ့ စာပေများ ရှင်သန် ဖွံ့ဖြိုးနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် တည်ငြိမ်မှု ကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲကိုလည်း ဖြစ်ပေါ်စေဆိုသည့် အခြေခံမူအား လိုက်နာ၍ လည်းကောင်း ချင်းပြည်နယ် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်သင်ကြားခွင့်ပြုထားသည့် ချင်း တိုင်းရင်းသားဘာသာများကို ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းပြည်နယ်လွှတ်တော်တို့မှ အကူအညီ အထောက်အပံ့များဆောင်ရွက်ပေးသင့်ပါတယ်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး တိုင်းရင်းသားလူမျိုးများရဲ့ ဘာသာ၊ စကား၊ စာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပြီး ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ချင်း တိုင်းရင်းသားဘာသာစာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် လွှတ်တော်တို့မှ ဆောင်ရွက်နိုင်ရန် သမ္မတရုံးသို့ တင်ပြဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ လာသော အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားငွေရေးကြေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက် ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၆။**

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းအပေါ် စိစစ် တင်ပြခြင်း အစီရင်ခံစာကို ကော်မတီရဲ့ တာဝန်ပေးမှုအရ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်ကျိန်ငိုက်မန် မှ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## အသေးစားငွေရေးကြေးရေး ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၀၈၅

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ မတ်လ ၅ ရက်

၁။ ပြည်သူ့လွှတ်တော်က အသေးစားငွေရေးကြေးရေးဥပဒေကြမ်းကို ၅-၂-၂၀၂၀ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၉-၂-၂၀၂၀ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၅၅ ကို အပိုဒ် ၄၊ အပိုဒ်ခွဲ(ဃ) အဖြစ် ပြောင်းလဲအမှတ်စဉ်၍လည်းကောင်း၊ ဥပဒေရေးထုံး ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ(ဋ္ဌ)တွင် ဖော်ပြထားသော စကားရပ်များအစား အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအား စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဌ)တွင် ဖော်ပြထားသော စကားရပ်များအစား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေး၊ ထပ်မံတိုးမြှင့်သည့် မတည်ငွေပမာဏအပေါ် ကောက်ခံသည့် လိုင်စင်ကြေးများနှင့် အခြားကောက်ခံကြေးများ သတ်မှတ်ခြင်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၇၊ အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော စကားရပ်များအစား လိုင်စင်ခွင့်ပြုခြင်း သို့မဟုတ် ရပ်သိမ်းခြင်းအတွက် ကြီးကြပ်မှုကော်မတီသို့ စိစစ်တင်ပြခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ချက်နှင့် ကိုက်ညီမှုရှိစေရန် အပိုဒ် ၈၊ အပိုဒ်ခွဲ(ဆ) တွင် ဖော်ပြထားသော အများပြည်သူသို့ စာရင်း ဝန်ဆောင်မှုပေးသူ ငှားရမ်းခြင်းပြုရန် လျှောက်ထားမှုကို စိစစ်ခွင့်ပြုခြင်းနှင့် ယင်းစိစစ်ခွင့်ပြုမှုကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ကြီးကြပ်မှုကော်မတီသို့ အစီရင်ခံတင်ပြခြင်း

ဆိုသည့်စကားရပ်ကို အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ ၄ားရမ်းရာတွင် လျှောက်ထားမှုကို စိစစ်ခွင့်ပြုပြီး ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဇ)တွင် ဖော်ပြထားသော စကားရပ် များအစား အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ရှေ့နောက်ညီညွတ်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၃၅ ခြေဆင်းတွင် ဖော်ပြထားသော ယင်းသို့စစ်ဆေးသည့် အခါ စစ်ဆေးသူသည် ဆိုသည့်စကားရပ်ကို ယင်းသို့ စစ်ဆေးသည့်အခါ ဦးစီး ဌာန၏ စစ်ဆေးသူသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၆ ခြေဆင်း တွင် ဖော်ပြထားသော စကားရပ်များအစား ဦးစီးဌာန၏ စစ်ဆေးသူက စစ်ဆေး ရာတွင် အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် ဦးစီးဌာနမှတစ်ဆင့် ကြီးကြပ်မှု ကော်မတီသို့ အစီရင်ခံတင်ပြရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၇ ကို အပိုဒ် ၃၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ၃၈ ခြေဆင်းတွင် ဖော်ပြ ထားသော စကားရပ်များအစား အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် အောက်ပါဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ပါက ပုဒ်မ ၃၇ ပါ စီမံခန့် ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေ ရေးထုံး ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၆၄၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၃၈ ကို အပိုဒ် ၃၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ(င) ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း နှင့် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုဥပဒေကြမ်း အပိုဒ် ၆၇ ကို အပိုဒ် ၆၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ် များအစား ပုဒ်မ ၅၂ နှင့် ၅၃ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါတယ်။

(င) မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်တို့အတွက် ပြင်ဆင်ထားပြီးဖြစ်ပါသဖြင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါတယ်ရှင်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသေးစားငွေရေးကြေးရေးဥပဒေကြမ်းအပေါ် သက်ဆိုင်ရာကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အသေးစားငွေရေးကြေးရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသေးစားငွေရေးကြေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၁-၅-၂၀၂၀ ရက်နေ့(ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာငွေးကြွယ် နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် တို့နှစ်ဦး ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆို တင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၁:၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာငွေးကြွယ် သည် (၂-၅-၂၀၂၀) ရက်နေ့တွင် လည်းကောင်း၊

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်သည် (၆-၅-၂၀၂၀) ရက်နေ့တွင် လည်းကောင်း ကွယ်လွန်အနိစ္စ ရောက်ခဲ့ခြင်းတို့အတွက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က အထူးဝမ်းနည်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထား ပါတယ်။

ဦးမင်းဦး အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းလိုတဲ့အတွက် ခွင့်တောင်းခံခဲ့ရာမှာ ခွင့်ပြုပေးခဲ့တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ပါကြောင်းနှင့် အားလုံးကို လေးစားပါကြောင်း ဦးစွာတင်ပြပါရစေ။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးဆုံးပြီး အစည်းအဝေး ရပ်နားထားစဉ်ကာလ ၂-၅-၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌဖြစ်သူ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ် နှင့် ၆-၅-၂၀၂၀ ရက်နေ့တွင် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဖြစ်သူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်တို့ နှစ်ဦးသည် မည်သူမျှ မလွန်ဆန်နိုင်တဲ့ သင်္ခါရတရားအရ ကွယ်လွန်အနိစ္စရောက်ခဲ့ကြပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး တို့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးကြွယ် နှင့် ဦးကျော်ကျော် တို့ ကွယ်လွန်ခြင်း အတွက် အထူးဝမ်းနည်းကြေကွဲကြောင်း ဤလွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန်နှင့် ဒေါက်တာ ဌေးကြွယ်နှင့် ဦးကျော်ကျော် တို့ကို ကောင်းရာသုဂတိ လားပါစေကြောင်း မိမိတို့ ကိုးကွယ်ရာ ဘာသာအလိုက် မေတ္တာပို့ အမျှအတန်းဝေ ဆုတောင်းသည့်အနေဖြင့် (၂)မိနစ်မျှ ငြိမ်သက်စွာ မေတ္တာပို့ ဆုတောင်းပေးကြရန်အတွက် ဤလွှတ်တော်မှ ဆောင်ရွက်သင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ ဝမ်းနည်းကြောင်းအဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး တင်သွင်းသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ

ငွေးကြွယ် နှင့် ဦးကျော်ကျော် တို့နှစ်ဦး ကွယ်လွန်အနိစ္စ ရောက်ခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာငွေးကြွယ် နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် တို့နှစ်ဦး ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကို မှတ်တမ်းတင်ကြောင်း နဲ့ အဆိုပါ အဆိုနှင့် စပ်လျဉ်းသည့် မှတ်တမ်းကို သပ်ရပ်စွာပြုစု၍ ကွယ်လွန်သူတို့၏ အမွေခံတို့ထံသို့ ပေးပို့ရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁:၃၆။**

**ဥက္ကဋ္ဌ။**　　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာငွေးကြွယ် နှင့် ဦးကျော်ကျော် တို့သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်မှစ၍ ကွယ်လွန်အနိစ္စ ရောက်သည့်နေ့တိုင် စိတ်ဓာတ်ခိုင်မာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်မှုများအတွက် အမျိုးသားလွှတ်တော်က ဂုဏ်ပြုသည့်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များက(၂)မိနစ် မတ်တတ်ရပ်၍ ငြိမ်သက်ဖို့ ဖြစ်ပါတယ်။ အခမ်းအနားမှူးက အချိန်ကို ကြည့်ပေးဖို့ ဖြစ်ပါတယ်။ အားလုံး မတ်တတ်ရပ်ကြပါ။

**အချိန်၊ ၁၁:၃၉။**

[အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး(၂)မိနစ်ခန့် မတ်တတ်ရပ်ကာ ငြိမ်သက်၍ မေတ္တာပို့သကြပါသည်။]

**အခမ်းအနားမှူး။**　　　။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက် (အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁:၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]